မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်၊ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်၊ စနေနေ့၊ အတွဲ(၄၈)၊ အမှတ်(၃၅၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြတ်ဗုဒ္ဓ၏ တန်ဖိုးကြီးမား အသိပေးတရား

အပ္ပမာဒေန သမ္ပာဒေထ

မမေ့မလျော့၊ မပေါ့မတန် အစဉ်သဖြင့် သတိတရားဖြင့် နေကြလော့။

"သတ္တဝါအများ အို ချစ်သားတို့၊ ကာံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရားလေးပါးတို့ ပြုပြင်သမျှ စီရင်သမျှ ခံနေကြရကုန်သော ရုပ်နာမ် နှစ်ပါး သင်္ခါရတရားတို့သည် ဖြစ်လျှင် ပျက်သောသဘော ရှိကုန်၏။ မြဲမြံသော သတိဖြင့် သီလ၊ သမာဓိ၊ ပညာတရားတို့ကို ပြည့်စုံတိုးပွားအောင် အားထုတ်ရစ် ကုန်လော့"

(ဒီဃနိကာယ်၊ မဟာဝဂ္ဂပါဠိ-၁၂၈။)

စက်မှု(၂) ဝန်ကြီးဌာန အမှတ်(၁) လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုစက်ရုံမှ သုံးသွားပါဝါထယ်များကို ဤသို့တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)

တောင်သူများဘဝ ပြောင်းလဲဆန်းသစ်စေမည့် ရော(၁)

- ➢ သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ
- ➢ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)
- ➢ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင်(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၅

မြန်မာ့လယ်ယာကို စက်မှုလယ်ယာအဖြစ် အရှိန်ပြင်းပြင်းဖြင့် ပြောင်းလဲနေပြီဖြစ်သည်။ စက်မှုလယ်ယာသို့ ပြောင်းလဲရာတွင် လယ်ယာကဏ္ဍအတွက် လိုအပ်သော လယ်ယာသုံးစက်ကိရိယာများကို နိုင်ငံတော်က စနစ်တကျ ထုတ်လုပ်ပေးလျက်ရှိသည်။

တောင်သူများ လယ်ယာလုပ်ငန်းခွင်မှ လက်တွေ့ထိထိရောက်ရောက် အသုံးပြုနိုင်သော *စာမျက်နှာ ၇ ကော်လံ ၁* ■



လယ်ယာလုပ်ငန်းခွင်၌ အမျိုးစုံ အသုံးပြုနိုင်သော ရော(၁) ထွန်စက်များကို ဤသို့တွေ့ခဲ့ရသည်။

ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)

ရောဝတီတိုင်း မိုးစပါး စိုက်ပျိုးပြီးစီးမှု

ဧရာဝတီတိုင်းတွင် စက်တင်ဘာ ၂၄ ရက်အထိ မိုးစပါး ၃၆၀၃၃၆၀ ဧက စိုက်ပျိုးပြီးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုးထစ်ချုန်းရွာမည်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် စက်တင်ဘာ ၂၆ရက်)

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းစွမ်းဆောင် အရည်အသွေးပြည့်မီစက်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် အကောင်အထည်ဖော်ရာတွင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အလေးပေးကြိုးပမ်း ဖော်ဆောင်လျက်ရှိသည်။

နိုင်ငံပိုင် စက်မှုလုပ်ငန်းများ၊ စက်မှုနယ်မြေများသာမက ပုဂ္ဂလိကပြည်သူများ၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် စက်မှုဇုန် ၁၈ဇုန်ကို ထူထောင်ထားပြီး ဖြည့်ဆည်းမြှင့်တင်ခဲ့သည်။ ပုဂ္ဂလိက စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရာတွင် ပုဂ္ဂလိကအပိုင်းက တာဝန်ယူဆောင်ရွက်နိုင်စွမ်းမရှိသော ကိစ္စများကို နိုင်ငံတော်အပိုင်းက ကူညီပေးလျက်ရှိသည်။

နိုင်ငံတော်၏ စက်မှုကဏ္ဍထွန်းကားရေး ကြိုးပမ်းရာ၌ အဓိကလိုအပ်သည့် စက်မှုအတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပြုစုပျိုးထောင် မွေးထုတ်နိုင်ရေးအတွက် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနကို သီးခြားဖွင့်လှစ်ပြီး နည်းပညာတက္ကသိုလ်များ၊ ကောလိပ်များ၊ စက်မှုလက်မှု သိပ္ပံကျောင်းများ ဖွင့်လှစ်၍ သင်ကြားလေ့ကျင့် ပို့ချပေးလျက်ရှိသည်။

ပြည်နယ်နှင့်တိုင်းများတွင် စက်မှုနယ်မြေများ၊ စက်မှုဇုန်များတည်ထောင်၍ ဒီဇယ်အင်ဂျင်များ အကြီးစားစက်နှင့် စက်ကိရိယာပစ္စည်းများ ထုတ်လုပ်လျက်ရှိပြီး သွင်းကုန်အစားထိုးစက်ရုံများ တိုးချဲ့ထူထောင် ပေးလျက်ရှိသည်။

ကျောက်ဆည်စက်မှုနယ်မြေတွင် ဘိလပ်မြေစက်ရုံ၊ စွပ်ကျယ်စက်ရုံ၊ သကြားလုံးစက်ရုံ၊ ဖိနပ်စက်ရုံ၊ စက်ဘီးစက်ရုံ၊ အဆင့်မြင့် မီးခံအုတ်စက်ရုံနှင့် ပလတ်စတစ်စက်ရုံတို့ကို တည်ထောင်ထားပြီးဖြစ်သည်။

ပဲခူးတိုင်း သာဂရစက်မှုနယ်မြေတွင်လည်း နိုင်ငံတော်က တည်ထောင်ထားပြီးဖြစ်သည့် မော်တော်ယာဉ်၊ မြေထိုး၊ မြေတူးယန္တရား၊ စက်ပစ္စည်းကိရိယာများ၊ လျှပ်စစ်ပစ္စည်းကိရိယာများ ထုတ်လုပ်သည့်စက်ရုံများအတွက် လိုအပ်သော ထိန်းချုပ်စနစ်များ၊ အသုံးများသော မော်တော်ယာဉ်၊ ဆောက်လုပ်ရေးသုံး စက်ယန္တရားများ၊ စက်ကိရိယာများ၊ လျှပ်စစ်ပစ္စည်းများအတွက် ထိန်းချုပ်ကိရိယာများ ထုတ်လုပ်သွားမည်ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကို စက်မှုနိုင်ငံအဖြစ် တက်လှမ်းနိုင်ရန် ပြည်ထောင်စုတစ်ဝန်း စက်မှုနယ်မြေများ၊ စက်မှုဇုန်များတည်ထောင်၍ အရည်အသွေးပြည့်မီသည့် စက်ပစ္စည်းကိရိယာများကို ထုတ်လုပ်လျက်ရှိပြီး စက်မှုအတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များကိုပါ ပြုစုပျိုးထောင်လျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျွမ်းကျင်သူနှင့် မွေးဖွားမှုနှုန်းမြှင့်တင်ရေး အသိပညာပေးဆွေးနွေးပွဲ ဗန်းမော်၌ကျင်းပ

ဗန်းမော် စက်တင်ဘာ ၂၅

မြို့နယ်အဆင့် ကျွမ်းကျင်သူနှင့်မွေးဖွားမှုနှုန်းမြှင့်တင်ရေး အသိပေးဆွေးနွေးပွဲနှင့် ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၂ရက် နံနက် ၁၀နာရီက ဗန်းမော်မြို့ ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းကြည်က အမှာစကားပြောကြားပြီး နေပြည်တော် ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးကျန်းမာရေးဌာနစိတ်မှ ဒေါက်တာဒေါ်မြင့်မြင့်သန်းက ကျွမ်းကျင်သူနှင့် မွေးဖွားမှုနှုန်း လက်ရှိအခြေအနေ သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဗန်းမော်အထွေထွေရောဂါကုဆေးရုံကြီးမှ ခေတ္တဆေးရုံအုပ်ကြီး ဒေါက်တာဦးတင်ဝင်းမြင့်က ကျွမ်းကျင်သူနှင့် မွေးဖွားမှုနှုန်းမြှင့်တင်ရေးကို ဆွေးနွေးတင်ပြသည်။ ***(ခရိုင် ပြန်/ဆက်)***

အသိပညာပေး ဟောပြော

မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးအလွဲသုံးမှု အန္တရာယ်ဆိုးကျိုးများ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၁ရက် က မင်္ဂလာဒုံမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ထောက်ကြန့်ရဲတပ်ဖွဲ့စခန်း စခန်းမှူး ရဲအုပ်တင်အောင်စိုးက မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးအလွဲသုံးမှု အန္တရာယ်ဆိုးကျိုးများနှင့်စပ်လျဉ်း၍ ဟောပြောစဉ်။ (၁၂၇)



မြဝတီရုပ်မြင်သံကြား

၂၆-၉-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၅ ၂။ အဖွင့်သီချင်း
- ၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **ကျွန်တော်နှင့်ဘဲရုပ်ဆိုး** (အပိုင်း-၉)
- ၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **အသည်းကွဲလေဒီ** မြင့်မြတ်၊ စိုးမြတ်သူဇာ မေကဗျာ၊ စိုးပြည့်သဇင် **(ဒါရိုက်တာ-ဝိုင်း)**
- ၁၃:၅၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၄:၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ရဲ့ဆွဲအား** (အပိုင်း-၂၇)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၄:၂၅ ၅။ (၄၅)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ဂုဏ်ပြုဇာတ်လမ်း **သုံးနာရီသုံးဆယ့်ငါး** (အပိုင်း-၂)ဇာတ်သိမ်း
- ၅:၂၆ ၆။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၉။ လျှပ်တစ်ပြက်
- ၆:၃၀ ၁၀။ စားဖိုဆောင်ချစ်သူ
- ၆:၄၅ ၁၁။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်ထဲကပန်းတစ်ပွင့်** (အပိုင်း-၂)
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ နိုင်ငံတကာသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ လူ့ရှင်တော်စတား
- ၁၈။ အင်္ဂလိပ်စာသုတ(English Usage)
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စစ်မှုရေးရာအနုပညာ** (အပိုင်း-၃၅)

လျှပ်စစ်(၂)ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်အား တရုတ်ညှော်သည်အဖွဲ့ တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၅

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Central China Power Grid Co.,Ltd. မှ General Manager Mr.Yuan Xizhong နှင့်အဖွဲ့သည် စက်တင်ဘာ ၂၂ရက် ညနေပိုင်းက နေပြည်တော်ရှိ ဝန်ကြီး၏ညှော်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

စင်ကာပူနိုင်ငံ Changi General Hospital ဆေးရုံကြီးမှ အသည်းအထူးကု ဆရာဝန်ကြီးများ၊ စင်ကာပူနိုင်ငံရှိ Singapore National Heart Centre မှ နှလုံးအထူးကု ဆရာဝန်ကြီးများနှင့် မြန်မာနိုင်ငံရှိ ဆရာဝန်ကြီးများ အသည်းရောဂါနှင့် နှလုံးရောဂါအတွက် ကုသခြင်းဆိုင်ရာ နည်းပညာသစ်များ နှီးနှောဖလှယ်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

အသည်းရောဂါနှင့် နှလုံးရောဂါအတွက် ကုသခြင်းဆိုင်ရာ နည်းပညာသစ်များ နှီးနှောဖလှယ်

ရန်ကုန် စက်တင်ဘာ ၂၅

စင်ကာပူနိုင်ငံ၏ အကြီးမားဆုံး ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့အစည်းတစ်ခုဖြစ်သည့် Sing Health အောက်ရှိ Changi General Hospitalဆေးရုံကြီးမှ အသည်းအထူးကုဆရာဝန်ကြီးများနှင့်စင်ကာပူနိုင်ငံရှိ နှလုံးအထူးကုစင်တာကြီးတစ်ခုဖြစ်သော Singapore National Heart Centreမှ နှလုံးအထူးကုဆရာဝန်ကြီးများသည် မြန်မာနိုင်ငံရှိ ဆရာဝန်ကြီးများနှင့် အသည်းရောဂါနှင့် နှလုံးရောဂါအတွက် ကုသခြင်းဆိုင်ရာ နည်းပညာသစ်များ နှီးနှောဖလှယ်ပွဲကို Sing Health အဖွဲ့အစည်း၏ Medical Associateဖြစ်သော မြန်မာနိုင်ငံရှိ မြန်မာဇာကွန်ကုမ္ပဏီ၏ ပံ့ပိုးမှုဖြင့် စက်တင်ဘာ ၂၀ရက် နံနက် ၁၀နာရီက ရန်ကုန်မြို့ရှိ Chatrium ဟိုတယ်၌ ကျင်းပခဲ့သည်။

နှီးနှောဖလှယ်ပွဲတွင် Singapore Changi General Hospitalမှ အသည်းအထူးကုဆရာဝန်ကြီး Associate Professor Dr.Teo Eng Kiong က အသည်းရောင် အသားဝါစီပိုးအတွက် နောက်ဆုံးပေါ် ကုထုံးများအကြောင်းနှင့် ပတ်သက်၍လည်းကောင်း၊ အသည်းခွဲစိတ်ဆရာဝန်ကြီး Dr.Tan Siong San က အသည်းကင်ဆာရောဂါအတွက် စင်ကာပူနိုင်ငံရှိ နောက်ဆုံးပေါ် ခွဲစိတ်မှုနည်းပညာသစ်ကုထုံးများအကြောင်းကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ထို့နောက် Singapore National Heart Centre မှ နှလုံးအထူးကု ခွဲစိတ်ဆရာဝန်ကြီး Dr.Chua Yeow Lengက နှလုံးရောဂါကို စက်ရုပ်ဖြင့် ခွဲစိတ်ကုသခြင်း (Robotic Surgery)နှင့် နှလုံးအဆို့ရှင်ပျက်စီးမှုရောဂါအတွက် ကုသနိုင်သော နောက်ဆုံးပေါ် ခွဲစိတ်မှုနည်းပညာများ၊ အဆို့ရှင်ပြုပြင်မှုအား ခွဲစိတ်စရာမလိုဘဲ ကုသနိုင်သော နည်းပညာသစ်များအကြောင်းကိုလည်းကောင်း၊ နှလုံးအထူးကုဆရာဝန်ကြီး Dr.Tan Swee Yaw က စင်ကာပူနိုင်ငံရှိ နှလုံးအထူးကုစင်တာကြီးမှ နှလုံးအတွက် ဝန်ဆောင်မှုများအကြောင်းကို လည်းကောင်း မြန်မာနိုင်ငံရှိ ဆရာဝန်ကြီးများနှင့် နှီးနှောဖလှယ်ခဲ့ကြသည်။

ဝန်ဆောင်မှုပေး

စင်ကာပူနိုင်ငံ Sing Health လက်အောက်တွင် Singapore General Hospital အပါအဝင် ဆေးရုံကြီး သုံးရုံနှင့် စင်တာကြီးငါးခုရှိကြောင်း၊ ယင်းဆေးရုံကြီးများနှင့် စင်တာကြီးများသို့ သွားရောက်ကုသလိုသူများအတွက် Sing Health က MedicalAssociate အဖြစ် ခန့်အပ်ထားသော မြန်မာနိုင်ငံရှိ မြန်မာဇာကွန်ကုမ္ပဏီက အခမဲ့ဝန်ဆောင်မှုပေးနေကြောင်း ဖုန်း- ၀၁- ၃၇၄၆၇၆ နှင့် ၀၂-၇၂၉၈၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်ကြားရေးဝန်ကြီးဌာန အရာရှိအထူးမွမ်းမံသင်တန်း(၁/၂၀၀၉)ဆင်းပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဝန်ထမ်းများအနေဖြင့် အမျိုးသားအကျိုးစီးပွား ဘက်တော်သားများဖြစ်အောင် ကြိုးစားအားထုတ်

မီဒီယာသမားများဖြစ်သည်နှင့်အညီ အမြင်လေးမြင်ဖြင့် ချိန်ထိုးဖော်ဆောင်

လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် အသိတရားနှင့်ယှဉ် သတိတရားဖြင့် ပေါင်းစပ်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၅

မြန်ကြားရေးဝန်ကြီးဌာန အရာရှိအထူးမွမ်းမံသင်တန်း(၁/၂၀၀၉)ဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမ၌ကျင်းပရာ မြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အထွေထွေမန်နေဂျာများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းနည်းပြများ၊ သင်တန်းသားအရာရှိများနှင့် ဝန်ကြီးဌာနမှဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက သင်တန်းဆင်းအမှာစကားပြောကြားရာ၌ ယခုဖွင့်လှစ်ခဲ့သောသင်တန်းသည် ဝန်ကြီးဌာနက ပထမဆုံးအကြိမ် ဖွင့်လှစ်သည့်သင်တန်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနအောက်ရှိ ဌာနအသီးသီးတို့အနေဖြင့် မိမိဌာန၏ လုပ်ငန်းတာဝန်များကို ကျေပွန်အောင်ထူးချွန်ထက်မြက်စွာ ဆောင်ရွက်နိုင်မည့် အရည်အချင်း၊ အရည်အသွေးပြည့်ဝသည့် အရာရှိများဖြစ်လာအောင် ဤသင်တန်းက လေ့ကျင့်သင်ကြားပေးလိုက်ပြီဖြစ်ကြောင်း။

အလားတူ ဝန်ကြီးဌာနအနေဖြင့်လည်း မိမိတို့၏ မူလလုပ်ငန်းတာဝန်များအပြင် အချိန်နှင့်တစ်ပြေးညီ တိုးမြှင့်ဆောင်ရွက်ရမည့် မီဒီယာလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည့် အရာရှိများ တိုးပွားလာပြီဟု ဆိုရမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့်လည်း မိမိတို့တွင်ရှိပြီး ပင်ကိုစွမ်းရည်ဖြစ်သည့် Talent နှင့် Capacityကိုသင်တန်းက နိုးဆွဖော်ထုတ်ပေးလိုက်ပြီးဖြစ်ရာ Efficiency, Initiative, Active နှင့် Dynamic တို့ တိုးပွားအောင် ဆက်လက်ကြိုးစားဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

အမြင်လေးမြင်

ထို့အတူ သင်တန်းကသင်ကြားပို့ချပေးလိုက်သည့် အတွေ့အကြုံ၊ ဗဟုသုတများကို လက်တွေ့တာဝန်ထမ်းဆောင်ရာတွင်လည်း ပြန်လည်အသုံးချဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တာဝန်ကိုကျေပွန်အောင်ဆောင်ရွက်ကြရန်နှင့် တာဝန်ကျေပွန်ခြင်းဖြင့် ဂုဏ်ယူတတ်ရန်လိုကြောင်း၊ အလုပ်ကိုစေတနာနှင့် ပေါင်းစပ်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ထို့အပြင် သင်တန်းသားများသည် မီဒီယာသမားများဖြစ်သည်နှင့်အညီ အမြင်လေးမြင်ဖြင့် ချိန်ထိုးပေါင်းစပ်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

ပေါင်းစပ်ဆောင်ရွက်

သင်တန်းသားများနှင့် ဝန်ထမ်းများအနေဖြင့် အမျိုးသားအကျိုးစီးပွားဘက်တော်သား၊ အရည်အချင်းပြည့်ဝသော မီဒီယာသမားကောင်းများ၊ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားသော ဝန်ထမ်းများဖြစ်အောင် ကြိုးစားအားထုတ်သွားကြရန်နှင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ကြရာတွင် အသိတရားနှင့်ယှဉ် သတိတရားဖြင့် ပေါင်းစပ်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

လက်မှတ်ပေးအပ်

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် သင်တန်းနည်းပြများကိုယ်စား နည်းပြတစ်ဦးအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ပြီး သင်တန်းသားအရာရှိများကိုယ်စား သင်တန်းသားခေါင်းဆောင်အား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ကာ သင်တန်းဆင်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဌာနဆိုင်ရာအကြီးအကဲများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားအရာရှိများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဝန်ကြီးသည် သင်တန်းနည်းပြများနှင့် သင်တန်းသားအရာရှိများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ မြန်ကြားရေးဝန်ကြီးဌာန အရာရှိအထူးမွမ်းမံသင်တန်း(၁/၂၀၀၉)သို့ မြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဝန်ကြီးရုံး၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ အရာရှိသင်တန်းသား ၂၅ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်ခဲ့သည်။

(သတင်းစဉ်)

လက်ဆောင်ပေးအပ်

မြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်ကြားရေးဝန်ကြီးဌာန အရာရှိအထူးမွမ်းမံသင်တန်း(၁/၂၀၀၉)ဆင်းပွဲ အခမ်းအနားတွင် သင်တန်းနည်းပြများကိုယ်စား နည်းပြတစ်ဦးအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်စဉ်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်

၂၅-၉-၂၀၀၉

ဟားခါး	၂ ဒသမ ၄၅ လက်မ
ကျော့သောင်း	၂ ဒသမ ၂၅ လက်မ
မင်းတပ်	၂ ဒသမ ၀၉ လက်မ
သထုံ	၀ ဒသမ ၇၉ လက်မ
ဖလမ်း	၀ ဒသမ ၆၇ လက်မ
ထားဝယ်	၀ ဒသမ ၆၃ လက်မ
မန္တလေး	၀ ဒသမ ၅၉ လက်မ
ပုသိမ်	၀ ဒသမ ၅၉ လက်မ

ဘိုးဘွားရိပ်သာသို့ လှူဒါန်း

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဇနီးဒေါ်မြင့်မြင့်အေးတို့အား အမှူးထား၍ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးနှင့် စေတနာရှင် အရာထမ်း၊ အမှုထမ်းများက ငွေကျပ် ၂၂ သိန်းတန်ဖိုးရှိ ရေသန့်စက်နှင့် ဘိုးဘွားများအား တစ်နေ့တာ အထူးအာဟာရကျွေးမွေးရန်အတွက် ငွေကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

News Watch(စောင့်ကြည့်)ဂျာနယ်ထွက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၅

ယခုအပတ် News Watch (စောင့်ကြည့်) ဂျာနယ် အတွဲ ၅ အမှတ် ၉ ထွက်ရှိလာသည်။ ယခုအပတ်တွင် ကျပ် ၅၀၀၀တန် ငွေစက္ကူအသစ်ထွက်ရှိခြင်း ရောင်စုံပုံနှင့်တကွ မြန်မာ့မြစ်ဝကျွန်းပေါ် ပြည်သူလူထု အထူးအရေးတကြီးသတိထားရအောင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဒေါက်တာထွန်းလွင်ပြောကြားသည့် အယ်နီညိုရာသီဥတုအကြောင်း၊ မိုးနှောင်းကာလတွင် ဖြစ်နိုင်သည့် ဘင်္ဂလားပင်လယ်အော်မှ မုန်တိုင်းလေးကြိမ်အကြောင်း၊ အောက်တိုဘာလအတွင်း ဂြိုဟ်နှစ်လုံးပူးမည့်အကြောင်းတို့ဖြင့် ပရိသတ်အတွက် သိထားရမည့်အကြောင်းအရာ ပြည့်ပြည့်စုံစုံ၊ ဝေဝေဆာဆာဖြင့် ထွက်ရှိလာသည်။

ထို့ပြင် ပလတ်စတစ်ပုံးမှာ ဓာတ်ဆီမထည့်ရ၊ ယင်းကဲ့သို့ ထည့်သဖြင့် ဧရာဝတီတိုင်းပုသိမ်တွင် ဘာဖြစ်သွားခဲ့သလဲ၊ သီတင်းကျွတ်လျှင် လက်ထပ်မင်္ဂလာဆင်နွှဲကြမည်ဖြစ်သဖြင့် မင်္ဂလာဆောင်မှာ လိုအပ်သည့် ဓာတ်ပုံဆရာ၊ ဟိုတယ်ခန်းမ၊ ဝတ်စုံဒီဇိုင်နာ၊ တေးဂီတအဖွဲ့၊ မြွေဥ ၁၈ ဥ ဥခဲ့သည့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှ မြွေဟောက်၊ ၂၀၀၉-၂၀၁၀ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ခွင့်နှင့်ပတ်သက်၍ သိထားရမည့်အချက်များ စသည်တို့ပါဝင်သည်။

အားကစားဝါသနာရှင်များအတွက် ဝါရင့်အားကစားကလောင်ရှင် မောင်ရဲဝင်း၏ မြန်မာ့ဘောလုံးလောက ရှေးဟောင်းနှောင်းဖြစ်များ၊ တစ်ချိန်က ဘောလုံးအကျော်အမော်များ၏ပုံများ၊ မြန်မာ့ဘောလုံးအကျော်အမော် ဗဟာဒူးနှင့် ၎င်း၏ဇနီးတို့၏ အမှတ်တရပုံများ ၊ ယခုလက်ရှိ ရတနာပုံ F.C အသင်း၏ သတင်း၊ ပရီမီယာလိဂ်ခန့်မှန်းချက်များ။

ထိုင်းဘုရင် ဘူမိဘောအဒူလျာဒက် (၈၁)နှစ်၏ ကျန်းမာရေးအခြေအနေ၊ စူပါပါဝါခေတ်နိဂုံးရောက်ပြီလော၊ ကမ္ဘာ့စီးပွားရေးကျဆင်းမှုနှင့် ကမ္ဘာ့ဘဏ်၊ အမေရိကန်က ဒုံးခွင်းဒုံးစနစ်ဖျက်သိမ်းမည်၊ ဖျက်သိမ်းပြီးရင် ဘာတပ်ဆင်မလဲစောင့်ကြည့်ရမည်စသည့် နိုင်ငံတကာသတင်း၊ မျက်မှောက်ရေးရာ လတ်တလော ဖြစ်ပေါ်နေမှုတို့နှင့်အတူ ပရိသတ်ကို မျက်စိ နားဖွင့်ပေးထားသည့် News Watch(စောင့်ကြည့်) ဂျာနယ် ထွက်ရှိနေပါသည်။ **(သတင်းစဉ်)**

26-9 (03).pmd 1 9/25/2009, 2:18 PM

တိုယိုတာမော်တော်ကား

ဂျပန်နိုင်ငံ တိုကျိုမြို့အနီးရှိ တိုယိုတာ မော်တော်ကားထုတ်လုပ်ရေး လုပ်ငန်းခွင် တစ်နေရာကို စက်တင်ဘာ ၂၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

လေကြောင်းပြပွဲ

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် (၁၃) ကြိမ်မြောက် ပေကျင်းနိုင်ငံတကာ လေကြောင်းပြပွဲ၌ လေ့လာကြည့်ရှုနေသူများကို စက်တင်ဘာ ၂၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အယ်လ်ခိုင်ဒါအကျဉ်းသား၁၆ဦး
အီရတ်နိုင်ငံ တီကရစ်အကျဉ်းထောင်မှထွက်ပြေး

တီကရစ် စက်တင်ဘာ ၂၅

အီရတ်နိုင်ငံ ဆာလာဟူဒင်ပြည်နယ် တီကရစ်မြို့ရှိ အကျဉ်းထောင်မှ သေဒဏ်ချမှတ်ထားသည့် အကျဉ်းသားငါးဦးအပါအဝင် အယ်လ်ခိုင်ဒါအဖွဲ့ဝင် အကျဉ်းသား ၁၆ဦးမှာ ထွက်ပြေးသွားခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က စက်တင်ဘာ၂၄ရက်တွင် သတင်းထုတ်ပြန်သည်။

တီကရစ်အကျဉ်းထောင်မှ လေဝင်လေထွက်ပေါက်ကို ဖျက်ဆီးကာ စက်တင်ဘာ ၂၃ရက်က ထွက်ပြေးခဲ့ကြခြင်းဖြစ်ကြောင်း၊ အီရတ်ရဲတပ်ဖွဲ့ဝင်များက သေဒဏ်ကျခံရသည့် အကျဉ်းသားတစ်ဦးအား စက်တင်ဘာ၂၄ရက် နံနက်ပိုင်းက ပြန်လည်ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ကျန်လူများမှာ ထွက်ပြေးလွတ်မြောက်နေဆဲဖြစ်ကြောင်း အမည်မဖော်လိုသူတစ်ဦးက ဆင်ဟွာသို့ ပြောကြားသည်။

အများဆုံး

အီရတ်အာဏာပိုင်များက တီကရစ်မြို့၌ အပြင်မထွက်ရ အမိန့်ထုတ်ပြန်ထားကာ ဆာလာဟူဒင်ပြည်နယ် တစ်ခုလုံးကို လုံခြုံရေးတင်းကျပ်စွာ ချထားလိုက်သည်။ ထို့ပြင် အဓိကလမ်းမကြီးများကို ပိတ်ထားလိုက်ပြီး ထွက်ပြေးလွတ်မြောက်သွားသည့် အကျဉ်းသားများအား ရှာဖွေမှုများ ပြုလုပ်လျက်ရှိသည်။

(အင်တာနက်)

ကူးစက်မှုကာကွယ်နိုင်သော အိတ်ချ်အိုင်ဗွီ ထိုးဆေး
အောင်မြင်စွာ စမ်းသပ်နိုင်

ဗန်ကောက် စက်တင်ဘာ ၂၅

အိတ်ချ်အိုင်ဗွီထိုးဆေးတစ်မျိုးကို ထိုင်းနိုင်ငံတွင် ပထမဆုံး အောင်မြင်စွာ စမ်းသပ်ခဲ့ရာ ရောဂါကူးစက်မှု ကာကွယ်နိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ပေါင်းစပ်ထုတ်လုပ်

အဆိုပါထိုးဆေးသည် ယခင် စမ်းသပ်လေ့လာတွေ့ရှိချက်ကို ပေါင်းစပ်ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း၊ ယင်းထိုးဆေးကို ထိုင်းနိုင်ငံတွင် လူဦးရေ ၁၆၀၀၀အား စမ်းသပ်ထိုးနှံခဲ့ရာ ရောဂါကူးစက်မှု သုံးပုံတစ်ပုံကျဆင်းခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း သုတေသနပညာရှင်များက ဆက်လက်ပြောကြားသည်။

စမ်းသပ်ခဲ့

ယင်းသုတေသနစမ်းသပ်ချက်ကို အမေရိကန်နှင့် ထိုင်းအစိုးရတို့က ခုနစ်နှစ်ကြာ ပူးပေါင်းဆောင်ရွက်ခဲ့ရာ ထိုင်းနိုင်ငံဒေသအချို့တွင် အသက်၁၈နှစ်မှ ၃၀အတွင်းရှိ အမျိုးသားအမျိုးသမီးများအား ယင်းထိုးဆေးဖြင့် စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

တောင်ကိုရီးယား၌ A(H1N1) ဖြင့် သေဆုံးသူ ၁၁ဦးရှိပြီ

ဆိုးလ် စက်တင်ဘာ ၂၅

တောင်ကိုရီးယားနိုင်ငံ၌ A(H1N1) ရောဂါဖြင့် သေဆုံးသူဦးရေမှာ ၁၁ဦး ရှိသွားပြီဖြစ်ကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်အဖွဲ့က စက်တင်ဘာ ၂၄ရက်တွင် သတင်းထုတ်ပြန်သည်။

ဆီးချိုရောဂါဝေဒနာနှင့် နှလုံးရောဂါခံစားနေရသည့် အသက် ၆၁နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးမှာ A(H1N1) တုပ်ကွေးရောဂါဖြင့် စက်တင်ဘာ ၂၄ရက် နံနက်စောစောပိုင်းက သေဆုံးခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဟောင်ကောင်၌ A(H1N1) တုပ်ကွေး တစ်ရက်အတွင်း ၆၇၇ဦး ထပ်မံဖြစ်ပွား

ဟောင်ကောင် စက်တင်ဘာ ၂၅

တရုတ်နိုင်ငံ ဟောင်ကောင်ဒေသ၌ စက်တင်ဘာ ၂၃ရက် တစ်ရက်၌ပင် A(H1N1) ထပ်မံဖြစ်ပွားသူ ၆၇၇ဦး ရှိလာသည်ကို ကျန်းမာရေး အာဏာပိုင်များက အတည်ပြုပြောကြားသည်။

ပြောကြား

ရောဂါထပ်မံဖြစ်ပွားသူများမှာ အသက်သုံးလမှ ၈၄နှစ်အတွင်းရှိသူများဖြစ်ကာ အမျိုးသား ၃၆၃ ဦး၊ အမျိုးသမီး ၃၁၄ ဦးဖြစ်ကြောင်း ဟောင်ကောင်ကျန်းမာရေးဌာနက ပြောကြားသည်။

စုစုပေါင်း

ဟောင်ကောင်၌ A(H1N1) ဖြစ်ပွားသူဦးရေမှာ စုစုပေါင်း ၂၃၈၉၈ဦး ရှိသွားပြီဖြစ်သည်။ (အင်တာနက်)

ဂျပန်၏ကုန်သွယ်ရေး ပိုငွေပြမှု ခုနစ်လဆက်တိုက် ဖြစ်ပေါ်ခဲ့

တိုကျို စက်တင်ဘာ ၂၅

ဂျပန်နိုင်ငံ၏ ကုန်သွယ်ရေးပိုငွေပြမှုသည် ဩဂုတ်လအထိ ခုနစ်လတိုင် ဆက်တိုက်ဖြစ်ပေါ်ခဲ့ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားသည်။ လွန်ခဲ့သည့်တစ်နှစ်က ကုန်သွယ်ရေး လိုငွေ ယန်း ၃၁၄ဒသမ ၂ဘီလီယံ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၅ ဘီလီယံ) ရှိခဲ့ရာမှ ဩဂုတ်လတွင် ကုန်သွယ်ရေးပိုငွေ ၁၈၄ ဒသမ ၇ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ဒသမ ဝ၃ဘီလီယံ)ပြလာသည်ကို တွေ့ရှိရသည်။

တွေ့ရ

သွင်းကုန်များ ရုတ်တရက်လျော့နည်းကျဆင်းခဲ့ခြင်းက ကုန်သွယ်ရေးပိုငွေပြမှုကို ဆက်တိုက်ဖြစ်ပေါ်စေသည်ဟု ဘဏ္ဍာရေး ဝန်ကြီးဌာနက ဆိုသည်။ ကုန်ပစ္စည်းတင်ပို့မှုတန်ဖိုးသည် ယန်း၄၅၁၁ ဒသမ ၁ဘီလီယံ(အမေရိကန်ဒေါ်လာ ၄၉ဒသမ ၅၇ဘီလီယံ)အထိ ကျဆင်းနေပြီး ၁၁လမြောက်တွင် ၃၆ဒသမ ဝရာခိုင်နှုန်း ကျဆင်းသည်ကို တွေ့ရသည်။

ကျဆင်း

သွင်းကုန်ကဏ္ဍတွင်လည်း ယန်း ၄၃၂၅ဒသမ ၄ဘီလီယံ(အမေရိကန်ဒေါ်လာ ၄၇ဒသမ ၅၃ဘီလီယံ)အထိ ဆက်တိုက် ၁၀လကြာ ကျဆင်းသွားသဖြင့် ၄၁ဒသမ ၃ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနက ဆိုသည်။

(အင်တာနက်)

မော်ရိုကိုနိုင်ငံ၌ စစ်သွေးကြွကွန်ရက် လုံခြုံရေးတပ်ဖွဲ့ ချေမှုန်း

ရာဘတ် စက်တင်ဘာ ၂၅

အီရတ်နိုင်ငံ၌ အယ်လ်ခိုင်ဒါအတွက် အသေခံဗုံးခွဲတိုက်ခိုက်ရန် အစွန်းရောက်သမားများကို စေလွှတ်နေသည့် စစ်သွေးကြွကွန်ရက်တစ်ခုကို မော်ရိုကိုလုံခြုံရေးတပ်ဖွဲ့က ချေမှုန်းလိုက်ပြီး စစ်သွေးကြွအဖွဲ့ဝင် ၁၄ဦးအား ဖမ်းဆီးလိုက်ကြောင်း အမ်အေပီ သတင်းဌာနက စက်တင်ဘာ ၂၃ရက်တွင် ကြေညာသည်။

စေလွှတ်

ယင်းစစ်သွေးကြွအုပ်စုသည် ဆီရီယာ၊ ဘယ်လ်ဂျီယံ၊ ဆီးရီးယားနှင့် အီရတ်မှ စစ်သွေးကြွများနှင့် ဆက်သွယ်လှုပ်ရှားနေခြင်းဖြစ်ပြီး အီရတ်သို့ အသေခံဗုံးခွဲမည့်သူ ၂၀အား စေလွှတ်ထားသည်ဟု သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့၌ ကမ္ဘာ့မော်တော်ယာဉ် မသုံးစွဲရေးနေ့တွင် ခြေနင်း အငှားယာဉ်များဖြင့် သွားလာနေကြသည်ကို စက်တင်ဘာ ၂၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အကြီးထွားဆုံးကလေး အင်ဒိုနီးရှားမိခင်မွေးဖွားပေး

ဂျကာတာ စက်တင်ဘာ ၂၅

အင်ဒိုနီးရှား ကလေးမိခင်တစ်ဦးသည် ကိုယ်အလေးချိန် ၈ ဒသမ ၇ ကီလိုဂရမ်(၁၉ဒသမ၂ပေါင်ခန့်)ရှိ ယောကျ်ားလေးအား မွေးဖွားပေးနိုင်ခဲ့ကြောင်း ဆရာဝန်များက စက်တင်ဘာ ၂၃ရက်တွင် ပြောကြားသည်။

မွေးဖွား

ထိုကလေးကို အသက် ၄၁ နှစ်ရှိ အာဏီအမည်ရှိ အမျိုးသမီးက ဆူမတြားမြောက်ပိုင်းပြည်သူ့ဆေးရုံ၌ စက်တင်ဘာ ၂၁ရက်က မွေးဖွားပေးခဲ့ခြင်းဖြစ်ကြောင်း၊ ကလေး၏အရပ်အရှည်မှာ ၂၄ဒသမ၄လက်မ ရှိကြောင်း၊ ကလေးရောမိခင်ပါ ကျန်းမာလျက်ရှိကြောင်း ဆရာဝန်များက ဆက်လက်ပြောကြားသည်။

အကြီးထွားဆုံး

အဆိုပါကလေးမှာ အင်ဒိုနီးရှားနိုင်ငံ၌ မွေးဖွားခဲ့သော ကလေးများတွင် အကြီးထွားဆုံးကလေးဖြစ်ကြောင်း၊ ၂၀၀၇ခုနှစ်က ဂျကာတာမြို့၌ မွေးဖွားခဲ့သော ကလေးမှာ ၆ ဒသမ ၉ ကီလိုမျှသာ ရှိခဲ့ကြောင်း သိရသည်။

(အင်တာနက်)

မြေအောက် ရထားလမ်းသစ် ပေကျင်း၌ မကြာမီဖွင့်လှစ်မည်

ပေကျင်း စက်တင်ဘာ ၂၅

တရုတ်နိုင်ငံ ပေကျင်းမြို့၌ တရုတ်အမျိုးသားနေ့ အထိမ်းအမှတ်အဖြစ် စက်တင်ဘာ ၂၈ရက်တွင် မြေအောက်ရထားလမ်းသစ်ကို ဖွင့်လှစ်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက သတင်းထုတ်ပြန်သည်။

ဖြတ်သန်းဖောက်လုပ်

ယခုဖွင့်လှစ်မည့် အမှတ်(၄) မြေအောက်ရထားလမ်းမှာ ပေကျင်းမြို့ မြောက်မှတောင်သို့ ဖြတ်သန်းဖောက်လုပ်ထားခြင်းဖြစ်ပြီး အရှည် ၂၈ ဒသမ ၄ ကီလိုမီတာ ရှည်လျားသည်။ ရထားလမ်းတစ်လျှောက်တွင် မီးရထားဘူတာရုံပေါင်း ၂၄ခုထားရှိပြီး နေ့စဉ် ပြည်သူလေးသိန်း သွားလာနိုင်မည်ဖြစ်သည်။

လမ်းအရှည်

လက်ရှိ ပေကျင်းမြို့ပေါ်၌ မြေအောက်ရထားလမ်း ရှစ်လမ်းရှိကာ စုစုပေါင်း အရှည်ကီလိုမီတာ ၂၀၀ ရှိပြီး ၂၀၁၅ခုနှစ်အရောက်တွင် မြေအောက်ရထားလမ်းအရှည် ကီလိုမီတာ ၅၆၀အထိ ရောက်ရှိအောင် တည်ဆောက်ဖောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

မြစ်အတွင်း ကားထိုးကျ

ဂွာမနီနိုင်ငံ ဂူပါတယ်မြို့ အနီးတွင် ဘတ်စ်ကားတစ်စီး အရှိန်လွန်ကာ မြစ်အတွင်းထိုးကျသွားသည်ကို စက်တင်ဘာ ၂၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းတင်ပြသည်

တရုတ်နိုင်ငံ ပေကျင်းမြို့လယ်ရှိ စားသောက်ဆိုင် ပေါက်ကွဲမှုဖြစ်ပွားပြီး ပြိုကျပျက်စီး

တရုတ်နိုင်ငံ ပေကျင်းမြို့လယ်တွင် စက်တင်ဘာ ၂၅ရက်က စားသောက်ဆိုင်တစ်ဆိုင်၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ယင်းစားသောက်ဆိုင်ပြိုကျပျက်စီးခဲ့ကြောင်း၊ လူအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပေကျင်းရဲတပ်ဖွဲ့က ပြောကြားသည်။

မက္ကဆီကိုအနောက်ပိုင်း၌ အင်အားပြင်းငလျင်လှုပ်

မက္ကဆီကိုနိုင်ငံအနောက်ပိုင်း ဂျာလစ်ကိုပြည်နယ်ကမ်းလွန်၌ စက်တင်ဘာ ၂၅ ရက်က ရစ်ချ်တာစကေး ၆ ဒသမ ၂ ရှိ ငလျင်လှုပ်ခဲ့ကြောင်း၊ ဂျာလစ်ပြည်နယ် အစိတ်အပိုင်းအချို့၌ အိမ်အနည်းငယ်ပျက်စီးခဲ့ကြောင်း မက္ကဆီကိုနိုင်ငံမိုးလေဝသနှင့် ဇလဗေဒဌာနကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဂျာမနီနိုင်ငံ၌ လုံခြုံရေးသတိပေးချက်ထုတ်ပြန်

ဂျာမနီနိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်ရန်ခြိမ်းခြောက်မှုသတင်းများရရှိပြီးနောက် နိုင်ငံတစ်ဝန်းရှိလေဆိပ်များ၊ဘူတာရုံများနှင့်လူစည်ကားရာနေရာများ၌ လုံခြုံရေးသတိပေးချက် ထုတ်ပြန်ထားကြောင်း စက်တင်ဘာ ၂၅ရက်က ဂျာမန်ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(အောက်ပုံ)**

ကမ္ဘာ့ရွှေဈေးကျဆင်းဆဲ

ကမ္ဘာ့ရွှေဈေးကွက်၌ ရွှေဈေးနှုန်းများကျဆင်းလျက်ရှိရာ တရုတ်ဈေးကွက်၌ စက်တင်ဘာ ၂၅ရက် ဈေးပိတ်ချိန်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၉၉၄ ဒသမ ၁၂ ဒေါ်လာအထိ ကျဆင်းခဲ့ကြောင်း တရုတ် ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။

သင်္ဘောကပ္ပတိန် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဓားပြခုနစ်ဦးသေဆုံးပြီး အပိုင်စီးမှုမှ လွတ်မြောက်

ဆိုမာလီနိုင်ငံ ကမ်းလွန်တွင် ပနားမားအလံလွှင့်ထူထားသော ကုန်တင်သင်္ဘောတစ်စင်းကို အပိုင်စီးရန်ကြံစည်သည့် ပင်လယ်ဓားပြများအား စက်တင်ဘာ ၂၅ရက်တွင် သင်္ဘောကပ္ပတိန်က ခုခံပစ်ခတ်တိုက်ခိုက်ရာ ဓားပြခုနစ်ဦးသေဆုံးခဲ့ကြောင်း၊ အပိုင်စီးခံရမှုမှလည်း လွတ်မြောက်ခဲ့ကြောင်း ပနားမားအရာရှိများက ပြောကြားသည်။

ဩစတြေးလျ၌ သဲမုန်တိုင်းထပ်မံတိုက်ခတ်ဖွယ်

ဩစတြေးလျနိုင်ငံတွင် ယခုရက်ပိုင်းအတွင်း သဲမုန်တိုင်းထပ်မံတိုက်ခတ်ခံရဖွယ်ရှိကြောင်း၊ အထူးသဖြင့် ဆစ်ဒနီမြို့အရှေ့ဘက်ဒေသများသို့ တိုက်ခတ်ဖွယ်ရှိကြောင်း ဩစတြေးလျနိုင်ငံ မိုးလေဝသဌာနမှ စက်တင်ဘာ ၂၅ရက်၌ သတင်းထုတ်ပြန်သည်။

နယ်သာလန်၌ ကုန်တင်ရထားနှစ်စင်းတိုက်မိ

နယ်သာလန်နိုင်ငံ ရော့တာဒမ်မြို့အနီးတွင် စက်တင်ဘာ၂၅ရက်က ကုန်တင်ရထားနှစ်စင်းတိုက်မိခဲ့ရာ ကုန်တင်ရထားဖြင့် လိုက်ပါလာသူတစ်ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း နယ်သာလန်နိုင်ငံ ရထားလုပ်ငန်းအရာရှိများက ပြောကြားသည်။ **(အပေါ်ပုံ) (အင်တာနက်)**

လူသားတို့ စဉ်ဆက်မပြတ်နေထိုင်ခဲ့သည့် အထောက်အထားများ စတင်ရှာဖွေ ခေတ်များ၏ဆက်စပ်မှု ဖော်ထုတ်နိုင်လျှင် မြန်မာ့သမိုင်းကွင်းဆက်များ မှတ်တမ်းတင်နိုင်မည်

နေပြည်တော် စက်တင်ဘာ ၂၅

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော "ရှေးဟောင်းသမိုင်း အထောက်အထားများ" သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားကို နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဘက်စုံခန်းမ၌ ယနေ့နံနက် ၉နာရီတွင် ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါအခမ်းအနားသို့ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှ၊ အတွင်းရေးမှူး ဒေါက်တာကျော်ဝင်း၊ အဖွဲ့ဝင် ဒေါက်တာ ခင်မောင်ညွန့်နှင့် ဦးကျော်၊ ရှေးဟောင်းသုတေသနပညာရှင် ဦးမြင့်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သုတေသီများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က စာတမ်းဖတ်ပွဲများကို ၂၀၀၈ ခုနှစ် ဖွန်လမှစ၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်စေခဲ့ရာ ယခုစာတမ်းဖတ်ပွဲသည် (၁၁)ကြိမ်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ စာတမ်းဖတ်ပွဲများကျင်းပရာတွင် တစ်ဆက်တစ်စပ်တည်းသော မြန်မာသမိုင်း ပြုစုရေးဆိုသည့် ရည်မှန်းချက်တစ်ရပ်မှာ အဓိကဖြစ်၍ ရည်မှန်းချက်ပေါက်မြောက်အောင် ဆောင်ရွက်ရာတွင် တိမ်မြုပ်ပျောက်ကွယ်နေသော သမိုင်းအချက်အလက် အထောက်အထားများအား ရှာဖွေဖော်ထုတ်ခြင်းသည် အဓိကအခြေခံကျသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း။

လုပ်ငန်းစဉ်ကို ဆောင်ရွက်ရာတွင် ၁၉၅၀ ပြည့်နှစ်ခန့်မှစ၍ ရှေးဟောင်းသုတေသန ပညာရှင်ကြီးများ တူးဖော်ခဲ့သည့် နေရာဒေသများကိုအခြေခံ၍ သမိုင်းအချက်အလက်များ ပိုမိုပြည့်စုံစေရန် တူးဖော်သုတေသနပြုခြင်း လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်စေလျက်ရှိကြောင်း၊ ဤသို့ဆောင်ရွက်သည့်အတွက် အကျိုးရလဒ်အဖြစ် ပျူမြို့ဟောင်းတစ်ခုဖြစ်သည့် ဟန်လင်းမြို့ဟောင်းမှာ ကျောက်ခေတ်နှောင်းမှစ၍ ပျူယဉ်ကျေးမှုထွန်းကားသည့်ကာလတိုင်အောင် လူသားတို့စဉ်ဆက်မပြတ်နေထိုင်ရပ်တည်ခဲ့သည့် အထောက်အထားများအား စတင်ရှာဖွေ ဖော်ထုတ်နိုင်ခဲ့ကြောင်း။

ဖွင့်လှစ်

ဤတွေ့ရှိချက်သည် တူးဖော်မှုလုပ်ငန်းတစ်ရပ်က တွေ့ရှိချက်တစ်ရပ်အဖြစ် သာမန်ဟုထင်ရသော်လည်း မြန်မာအစ မြန်မာကဆိုသည့်အဆိုကို ခိုင်မာစေရန်အတွက် စတင်တွေ့ရှိသော အထောက်အထားအဖြစ် နိုင်ငံနှင့်လူမျိုး၏ သမိုင်းအတွက် အားတက်ဖွယ်ရာအချက်တစ်ချက်ဖြစ်ကြောင်း၊ အခြားပျူယဉ်ကျေးမှုဆိုင်ရာ ရှေးဟောင်းဒေသများတွင်လည်း ယခုကဲ့သို့ ခေတ်များ၏ဆက်စပ်မှုကို ဖော်ထုတ်နိုင်မည်ဆိုလျှင် မြန်မာ့သမိုင်းအတွက် ခိုင်မာသော ကွင်းဆက်များအဖြစ် မှတ်တမ်းတင်နိုင်မှာဖြစ်ကြောင်းဖြင့် ပြောကြားပြီး သုတေသနစာတမ်းဖတ်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး စာတမ်းဖတ်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် စာတမ်းဖတ်ပွဲကို ကျင်းပရာ နံနက်ပိုင်းစာတမ်းဖတ်ပွဲတွင် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ပြည်ဌာနစုမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဘေဘီက "၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ပြည်မြို့နယ် သရေခေတ္တရာမြို့ဟောင်း ပတ်ဝန်းကျင်ရှိ ရှေးဟောင်းစေတီနှင့် ကုန်းများအား တူးဖော်သုတေသနပြုထိန်းသိမ်းခြင်းဆိုင်ရာ လေ့လာချက်" စာတမ်းကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက "ပျူခေတ် ယဉ်ကျေးမှုနှင့်ပျူလူမျိုးများ မြန်မာနိုင်ငံအတွင်း ပျံ့နှံ့နေထိုင်လာပုံ ပဏာမ လေ့လာချက်" စာတမ်းကိုလည်းကောင်း ဖတ်ကြားကြသည်။

မွန်းလွဲပိုင်းတွင် ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း (ပြည်)မှ ကျောင်းအုပ်ကြီး ဦးသိန်းလွင်က "ရက်စွဲပါသော ပုဂံခေတ် ဗုဒ္ဓဆင်းတုတော်များ" စာတမ်းကိုလည်းကောင်း၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိုးအောင်က "ပုဂံခေတ် အုတ်ကျောင်းတိုက်အစုအဝေးကြီးများနှင့် ပုဂံခေတ်ပညာရေးကို ပဏာမ လေ့လာခြင်း" စာတမ်းကိုလည်းကောင်း၊ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန(မြောက်ပိုင်း)မှ ညွှန်ကြားရေးမှူး ဦးမျိုးညွန့်က "စစ်ကိုင်းတိလောကဂုရုလိုဏ်ဂူရှိ နံရံဆေးရေးပန်းချီနှင့် ဇာတ်တော်များ" လေ့လာချက်စာတမ်းကိုလည်းကောင်း ဖတ်ကြားကြပြီး ပညာရှင်များ၊ ဧည့်သည်တော်များ၊ သုတေသီများက ဆွေးနွေး အကြံပြုမေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် ဝန်ကြီးက စာတမ်းများအပေါ် ဖြည့်စွက်ဆွေးနွေးမှာကြားပြီး စာတမ်းဖတ်ပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌ မိုးပိုလာမည်

ရန်ကုန် စက်တင်ဘာ ၂၅

<u>ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ</u> လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ဧရာဝတီတိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

<u>ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ</u> ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

<u>စက်တင်ဘာ ၂၆ရက် ညနေအထိ ခန့်မှန်းချက်မှာ</u> စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

<u>မြန်မာ့ပင်လယ်ပြင်တွင်</u> လှိုင်းအသင့်အတင့်ရှိမည်။

<u>နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ</u> မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာမည်။

<u>နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်</u> နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

<u>ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်</u> မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

<u>မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်</u> နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

<u>စက်တင်ဘာ နောက်ဆုံးရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက်မှာ</u> လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

စာကြည့်တိုက်များ စံ(၅)ချက်နှင့်ပြည့်စုံရေး မှော်ဘီမြို့နယ်တွင် ကွင်းဆင်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်သီတာဦးနှင့် ဝန်ထမ်းများသည် စက်တင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက မှော်ဘီမြို့နယ် လှပဒါကျေးရွာ၊ မင်းရွာကျေးရွာ၊ ပက်တန်းကျေးရွာ၊ ရွှေလှေကြီးကျေးရွာအုပ်စုများမှ ဥက္ကဋ္ဌများ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး စာကြည့်တိုက်များ ရေရှည်ရှင်သန်ခိုင်မာရေးအတွက် စံ(၅)ချက်နှင့်ပြည့်စုံရေး၊ စာအုပ်စာစောင်များ စနစ်တကျထိန်းသိမ်းထားရှိရေးနှင့် စာငှားစနစ်ကျင့်သုံးရေးတို့ကို ဆွေးနွေးဟောပြောသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပြောကြား

ထို့နောက် ကျေးရွာဥက္ကဋ္ဌများကိုယ်စား လှပဒါကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်က ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ပြန်လည်ရှင်းလင်း ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ဟသ်ာတမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဝန်ကြီးဗိုလ်ချုပ်ဌေးဦး ဖြည့်ဆည်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် စက်တင်ဘာ ၂၀ရက်က ဟသ်ာတမြို့မှ တလုတ္တော်-ဓမ္မီဆက်သွယ်သည့် မော်တော်ကားလမ်းတစ်လျှောက် အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ဓမ္မီတိုက်နယ်၌ ဓမ္မီ၊ ကညင်ကောက်၊ တာဂွ၊ လက်ခုပ်ပင်၊ နွယ်ခွေကျေးရွာအုပ်စုများမှ တောင်သူလယ်သမားများနှင့်တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပေးအပ်

ထို့နောက် ဝဲကြီး၊ သမ္ဘရာတိုင်းကျေးရွာ လယ်သမားတာကို ကြည့်ရှုစစ်ဆေးပြီး ဝဲကြီးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဝဲကြီး၊ ရှမ်းစု၊ ဂျောင်းစိန်၊ ကြို့ကုန်းနှင့် ကနောင်ကျွန်းကျေးရွာတို့မှ ပြည်သူများနှင့်တွေ့ဆုံ၍ ကျောင်းနေအရွယ် ကလေးငယ်များ ပညာသင်ကြားနိုင်ရေး ပညာရေးငွေပဒေသာပင်များ စိုက်ထူပေးကာ ကျေးရွာစာကြည့်တိုက်များအတွက် စာစောင်များကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကား ပြောကြား

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဝဲကြီးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဝဲကြီး၊ ရှမ်းစု၊ ဂျောင်းစိန်၊ ကြို့ကုန်းနှင့် ကနောင်ကျွန်းကျေးရွာတို့မှ ဒေသခံ ပြည်သူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သွေးလွန်တုပ်ကွေး ကာကွယ်ရေး ပခုက္ကူမြို့နယ်တွင် ကွင်းဆင်းဆောင်ရွက်

ပခုက္ကူ စက်တင်ဘာ ၂၅

မကွေးတိုင်း ပခုက္ကူမြို့နယ် ကမ္မကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ကျန်းမာရေးဦးစီးဌာန(ကမ္မတိုက်နယ်)တို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ရေလှောင်အိုးများ၊ ကျောက်စည်ထုတ်ရေကန်များအား သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ဆေးထည့်ခြင်းကို စက်တင်ဘာ ၁၃ရက်က ကမ္မကျေးရွာ မြို့မရပ်ကွက်၌လည်းကောင်း၊ ၁၄ရက်က ကမ္မကျေးရွာ လမ်းမတော်ရပ်ကွက်၌ လည်းကောင်း၊ ကျေးရွာကြက်ခြေနီတပ်ဖွဲ့မှ ဂုဏ်ထူးဆောင် တပ်ခွဲမှူး ဦးဘမောင်၊ ဒုတပ်ခွဲမှူး ဦးမျိုးခိုင်တို့ဦးဆောင်သော ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဌာန ဝန်ထမ်းများနှင့်အတူ တစ်အိမ်တက်ဆင်း ဆောင်ရွက်ကြသည်။ (ဝ၇ဝ)

စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သည့် ဒီးဒုတ်ပင်(တောင်)ရွာ မိုးရေလှောင်ကန်တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ထားမှုအခြေအနေကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးတင်မောင်သန်းက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲများကို မြို့နယ်အတွင်းရှိ ကျေးရွာများတွင် အပတ်စဉ်ကျင်းပလျက်ရှိရာ စက်တင်ဘာ ၅ရက်ညက နေပြည်တော် ကျွန်းတက်ပဲ့ကျေးရွာဓမ္မာရုံ၌ကျင်းပရာ နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့၊ စည်းကမ်းထိန်းသိမ်းရေးတပ်ခွဲ(၁)၊ တပ်ခွဲမှူး ဒုတိယရဲမှူးအောင်မြင့်ကျော်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောစဉ်။ (ခရိုင် ပြန်/ဆက်)

ချောင်းဆုံစည်ပင်သာယာဈေးရှေ့ ကွန်ကရစ်ခင်း

ချောင်းဆုံ စက်တင်ဘာ ၂၅

ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန်လုပ်ငန်းဖြစ်သော မြို့မအမှတ်(၁)ဈေးရှေ့ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးရဲဝင်း ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းမြင့်အောင်က ရှင်းလင်းတင်ပြသည်။ ***(မြို့နယ်စည်ပင်)***

ကောက်စိုက်စွမ်းရည် သရုပ်ပြသပွဲ ပခုက္ကူ၌ကျင်းပ

ပခုက္ကူ စက်တင်ဘာ ၂၅

ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် တမန်းလှေနှင့်ကောက်စိုက်စွမ်းရည် သရုပ်ပြသပွဲကို စက်တင်ဘာ ၂၂ရက် နံနက် ၈နာရီက ပခုက္ကူမြို့နယ် ကုက္ကိုလှကျေးရွာအုပ်စု ရွာသစ်ကုန်းကျေးရွာ ကွင်းအမှတ် (၃၄၈)၊ တောင်သူဦးကျော်တင့်၏ လယ်မြေငါးဧကေ၌ကျင်းပရာ ဂွတ်ဘရားသားကုမ္ပဏီလီမိတက်မှ အရောင်းတာဝန်ခံ ဦးသိန်းထွေးက စက်အသုံးပြုပုံ နည်းစနစ်များ၊ အကျိုးသက်ရောက်မှုများနှင့် ရောင်းဈေးနှုန်းများကို လည်းကောင်း၊ မန္တလေးတိုင်း ကျောက်ဆည်ခရိုင် ဟံမြင့်မိုရ်ကျေးရွာမှ တောင်သူ ဦးဘိုးသိန်းက တမန်းလှေဖြင့် ကောက်စိုက်နည်းပညာများ၊ အထွက်နှုန်းတိုးမြင့်မှုများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး မကွေးတိုင်း စက်မှုလယ်ယာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှမြင့်နှင့် တာဝန်ရှိသူများက တမန်းလှေဖြင့် လက်တွေ့ ကောက်စိုက်နေမှုကို ကြည့်ရှုလေ့လာကြသည်။ (ဝ၇ဝ)

ပုလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့နယ်ခန်းမအရှေ့ဝင်းနှင့် ကြေးရုပ်အောက်ခြေတွင် မြေယာရှုခင်းအလှပြုပြင်ခြင်းလုပ်ငန်းကို ဩဂုတ် ၂၅ရက်က အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းဇော်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

လှိုင်သာယာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ စက်တင်ဘာ ၁၆ရက်က မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သောဆေးဝါးများ အန္တရာယ်တားဆီး ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပရာ ကျောင်းသားကျောင်းသူများအား ရန်ကုန်အနောက်ပိုင်း ခရိုင်ရဲတပ်ဖွဲ့ မူးယစ်အထူးအဖွဲ့မှ ရဲအုပ်မျိုးကြည်က ဟောပြောစဉ်။ (ပညာရေး)

အဝတ်လျှော်ဆိုင်ခန်းများဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၂၅

Quick Laundra Mart က ခေတ်မီ အဝတ်လျှော်စက်ကြီးများဖြင့် အဝတ်အထည်၊ စောင်၊ ခြင်ထောင်၊ အိပ်ရာခင်းနှင့် လျှော်ရန်၊ လှန်းရန်ခက်ခဲသော ကြီးမားသည့် အဝတ်အထည်များကို ဈေးနှုန်းချိုသာစွာ ခုလျှော်၊ ခုခြောက်၊ ခုခေါက်သိမ်းရနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။

Coin တစ်ခုကို ငွေကျပ် ၆၀၀ဖြင့် ဝယ်ယူပြီး Coin နှစ်ခုထည့်ရုံဖြင့် ၄ဒသမ ၅ကီလိုဂရမ်နှင့်ညီမျှသော အင်္ကျီ၊ ရှပ်အင်္ကျီ ၁၇ထည်ခန့် လျှော်နိုင်သည်။ စက်အတွင်း ဘက်တီးရီးယားပိုးသတ်ပေးနိုင်သော System ပါရှိသဖြင့် မိသားစု ကျန်းမာရေး အတွက် အထောက်အကူဖြစ်စေသည်။

ဝန်ဆောင်ပေး

နေ့စဉ် နံနက် ၈နာရီမှ ည ၈နာရီအထိ ပိတ်ရက်မရှိဖွင့်လှစ်ထားပြီး နွေးထွေးဖော်ရွေမှုနှင့် လိုက်လျောပျူငှာစွာဆက်ဆံနေသော ဝန်ထမ်းများ၏စိတ်ဓာတ်နှင့် Customers များကို ယုံကြည်စိတ်ချမှု အပြည့်ရရှိအောင် ဝန်ဆောင်ပေးနေသည်။

အချိန်ကို အလုအယက်အသုံးပြုနေရသော စီးပွားရေးလုပ်ငန်းရှင်များ၊ ဝန်ထမ်းများနှင့် အိမ်ရှင်မများအတွက် စိတ်တိုင်းကျ ဆောင်ရွက်ပေးမည့် Coin Laundry ဆိုင်(၁)ကို တိုက် ၇၄/၇၈၊ ကမ်းနားလမ်း ထီးတန်းအိမ်ရာ ကြည့်မြင်တိုင်မြို့နယ်၊ ဆိုင်(၂)ကို တိုက်(၆၉) အခန်း(၄) ရန်ကုန်-အင်းစိန်လမ်းမကြီး လှိုင်မြို့နယ်နှင့် ဆိုင်(၃) Excel Shopping Mall မြေညီထပ် ရွှေဂုံတိုင် ဗဟန်းမြို့နယ်တို့၌ ဖွင့်လှစ်ထားပြီး အသေးစိတ်သိလိုပါက ဖုန်း-၂၂၉၇၉၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

တိုင်းရင်းဆေးပညာဦးစီးဌာန(ရန်ကုန်တိုင်း)နှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာများအသင်း(ရန်ကုန်တိုင်း)တို့ ပူးပေါင်း၍ တိုင်းဦးစီးဌာနမှူး ဒေါ်သန်းသန်းမြင့် ဦးဆောင်သော တိုင်းရင်းဆေးသမားတော်ကြီးများအဖွဲ့ စက်တင်ဘာ ၂၀ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်၌ ကွင်းဆင်းကုသ၍ ဆေးပဒေသာပင်များ စိုက်ထူလှူဒါန်းကြစဉ်။ (၁၈၃)

■ ရှေ့ဖုံးမှ

ရော(၁) လက်တွန်းထွန်စက် ထုတ်လုပ်သည့် ပြည်ခရိုင် ပန်းတောင်း မြို့နယ် ဆင်တဲရွာအနီးတည်ရှိသော စက်မှု(၂)ဝန်ကြီးဌာနအောက်ရှိ အမှတ်(၁) လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှု စက်ရုံသို့ သတင်းအဖွဲ့ သွားရောက်လေ့လာခဲ့သည်။

ထုတ်လုပ်ပေး

ကြီးမားကျယ်ဝန်းသော စက်ရုံအတွင်း အလုပ်ရုံအဆောက်အအုံများကို မြင်တွေ့ရသည်အလျားပေ၄၆၀နှင့်အနံပေ ၉၀ကျယ်ဝန်းသော တပ်ဆင်ရေးအလုပ်ရုံ(၁)ရုံအတွင်းဝန်ထမ်းများက သက်ဆိုင်ရာ ကဏ္ဍအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည်။ ရော(၁)လက်တွန်း ထွန်စက်များကို အစိတ်အပိုင်းအလိုက် တပ်ဆင်နေမှုကြည့်ရှုလေ့လာနေစဉ် ''တောင်သူလယ်သမားတွေအနေနဲ့ လယ်ယာလုပ်ငန်းခွင်မှာ ဈေးနှုန်းသက်သက်သာသာနဲ့ အချိန်တိုအတွင်း အလုပ်တွေများများ ပြီးစီးနိုင်ဖို့အတွက် အခုလို ရော (၁)လက်တွန်းထွန်စက်တွေကို ထုတ်လုပ်ပေးနေခြင်းဖြစ်ပါတယ်။ ရော(၁) လက်တွန်းထွန်စက်ဟာ ထွန်ယက်နိုင်မှုနဲ့ ထယ်ထိုးနိုင်မှုတွေအပြင် တွဲဖက်အသုံးပြုနိုင်သော ကိရိယာတွေဖြစ်တဲ့ ထွန်၊ ထယ်၊ ရေတင်ပန့်၊ မီးစက်နဲ့ နောက်တွဲယာဉ်တွေနဲ့ပါ အဆင်ပြေစွာ အသုံးပြုနိုင်ပါတယ်'' ဟု တပ်ဆင်ရေးအလုပ်ရုံ(၁)မှ ဒေါ်အောင်စန္ဒာကျော် (လက်ထောက်မန်နေဂျာ)က ရှင်းပြသည်။

ရော(၁)လက်တွန်းထွန်စက်တွင် ပစ္စည်းအစိတ်အပိုင်းပေါင်း ၃၃မျိုးပါဝင်ကြောင်း သိရသည်။ သို့သော်ပေါ့ပါးပြီး ရော်ဘာဘီးတပ်ဆင်ထားသည့် ရော(၁) လက်တွန်းထွန်စက်၏ အလေးချိန်မှာ ၃၅၆ ကီလိုဂရမ်သာလေးသည်။ ထို့ကြောင့် တောင်သူလယ်သမားများ စိတ်တိုင်းကျ ထယ်ထိုးထွန်ယက်နိုင်အောင် အနေအထားကို လိုအပ်သလိုလွယ်ကူစွာ ရွှေ့ပြောင်းနိုင်သည်။

အရည်အသွေးစစ်ဆေး

''ရော(၁)လက်တွန်းထွန်စက်တွေကို ကျွန်မတို့စက်ရုံမှာ ထုတ်လုပ်တဲ့အခါ သံရည်သွန်းလောင်းခြင်း၊ သံပုံထောင်းခြင်း၊ စက်ခုတ်စားခြင်း၊ ပုံဖိနှိပ်ခြင်း၊ ဂဟေဆက်ခြင်း၊ တပ်ဆင်ခြင်းနဲ့ စက်ပစ္စည်းအစိတ်အပိုင်းတွေကို အကုန်တပ်ဆင်ပြီးတဲ့အခါမှာ လက်တွေ့မောင်းနှင်ကာ အရည်အသွေးစစ်ဆေးခြင်းတွေကို ပြုလုပ်ပါတယ်''ဟု ဒေါ်အောင်စန္ဒာကျော်က ဆက်လက် ရှင်းပြသည်။

ရော(၁)လက်တွန်းထွန်စက်၏ အင်ဂျင်မြင်းကောင်ရေများမှာ ၂၂ ကောင်အားရှိသည်။ ထွန်ယက်နိုင်သည့် စွမ်းအားမှာ တစ်နာရီလျှင် ဒသမ ၇ကေနှင့် ထယ်ထိုးနိုင်သည့်စွမ်းအားမှာ တစ်နာရီလျှင် ဒသမ ၃၃ ကေဖြစ်သည်။ ဒီဇယ်စားနှုန်းမှာလည်း တစ်နာရီလျှင် ဒသမ ၇ဂါလန်သာကုန်ကျသည်ဖြစ်ရာ သက်သာနေပြန်သည်။

အကောင်အထည်ဖော်

စက်မှုလယ်ယာစနစ်တွင် တောင်သူလယ်သမားများအတွက် အလွန်အသုံးဝင်သည့် လယ်ယာသုံးပစ္စည်းဖြစ်သည်။ အချိန်တိုတိုအတွင်း လယ်ယာလုပ်ငန်းများ အံ့သြစရာကောင်းအောင် ပြီးမြောက်သွားစေရန် လက်တွေ့ကျကျ အကောင်အထည်ဖော်ပေးနိုင်သည့် ရော (၁) လက်တွန်းထွန်စက်ပင်ဖြစ်သည်။ ၁၈ သွားထွန်ခုံ၊ ၂၁ လက်မ သံဘီးတစ်စုံတို့ကိုလည်း တောင်သူများ စိတ်ကြိုက် ရော(၁)လက်တွန်းထွန်စက်နှင့် တွဲဖက်အသုံးပြုနိုင်ရန် အသင့်ထုတ်လုပ်ပေးထားသည်။ ထို့အပြင် တောင်သူများ စိတ်တိုင်းကျ အသုံးပြုနိုင်ရန် ဂီယာပါဝင်သည့် သုံးသွား ပါဝါထယ်နှင့် အချင်း ၃၂ လက်မရှိသော အကျုံ့ခံဘီးများကိုလည်း တောင်သူများလိုအပ်ပါက ထည့်သွင်းရောင်းချပေးလျက်ရှိသည်။

စနစ်တကျတွက်ချက်

၁၈သွားထွန်ခုံမှာ ထယ်ရေးကောင်းရန်၊တမန်းပိုညက်ရန်အတွက် အသုံးပြုရန်သင့်လျော်သလို သုံးသွားပါဝါထယ်ကို တပ်ဆင်အသုံးပြုပါက မြေမာနှင့်မြေရိုင်း အမျိုးအစား လယ်မြေများထွန်ယက်ရာ၌ ပိုမိုကောင်းမွန်သည်။ ထို့အပြင် ပေါင်းမြက်ထူသောလယ်မြေများတွင်လည်း အသုံးတည့်သည်။ ရော(၁)လက်တွန်း ထွန်စက်ကို လယ်ယာလုပ်ငန်းခွင်၌ မျိုးစုံအသုံးပြု၍ရရန် စနစ်တကျတွက်ချက် ထုတ်လုပ်ထားခြင်းဖြစ်သည်။

ရော(၁)လက်တွန်းထွန်စက်ကိုတစ်နေ့ ရှစ်နာရီကြာ အသုံးပြု ထွန်ယက်လျှင် လယ်သုံးကေခဲ့ ထွန်ယက်နိုင်သည်ဖြစ်ရာ လုပ်ငန်းတွင်ကျယ်လှသည်။ ၁၄ရက်ခန့် ထွန်ယက်သည်နှင့်ကေ၅၀ခန့် ထွန်ယက်ပြီးဖြစ်သွားစေမည့် ရော(၁)လက်တွန်း ထွန်စက်၏အစွမ်းကား မသေးငယ်လှပေ။ ရော(၁)လက်တွန်း ထွန်စက်ကို အသုံးပြုခြင်းအားဖြင့် အချိန်ကုန်သက်သာမည်။ စိုက်ပျိုးရာသီမီမည်။ လုပ်ငန်းတွင်ကျယ်သည်။ ငွေကုန်ကျမှုသက်သာမည်။ သီးထပ်များစိုက်ပျိုးရန် အချိန်လုံလောက်စွာရရှိမည်။

ရော(၁)လက်တွန်း ထွန်စက်တွင် အသုံးပြုထားသော အင်ဂျင်မှာ မြင်းကောင်ရေ ၁၈ကောင်အားနှင့် မြင်းကောင်ရေ ၂၂ ကောင်အားတို့ဖြစ်ရာ ဝယ်သူအကြိုက် မြင်းကောင်ရေအား အင်ဂျင်ကို ရွေးချယ်ဝယ်ယူနိုင်သည်။ ထို့ကြောင့် လယ်ယာ ထွန်ယက်ခြင်းလုပ်ငန်းအပြင် ရော(၁) လက်တွန်းထွန်စက်အင်ဂျင်ဖြင့် ကုန်တစ်တန် သယ်ယူနိုင်သော နောက်တွဲယာဉ်များနှင့် တွဲဖက်ကာ သယ်ယူပို့ဆောင်ရေး လုပ်ငန်းတွင် အသုံးပြုလျှင် တစ်နာရီ ၁၀ မိုင်နှုန်းဖြင့် မောင်းနှင်သွားလာနိုင်သည်။ စပါးကြိတ်ခွဲခြင်း၊ ရေစုပ်တင်ခြင်းစသည့် လုပ်ငန်းများကိုပါ အသုံးပြုနိုင်သည်ဖြစ်ရာ ရော(၁) လက်တွန်းထွန်စက်တစ်စီး ဝယ်ယူရုံဖြင့် လုပ်ငန်းအများအပြား လုပ်ဆောင်ရန် တစ်ပြိုင်နက်ဖြေရှင်းသွားမည်ဖြစ်သည်။

ဝယ်ယူနိုင်

ထိုသို့ လက်တွေ့အသုံးဝင်မှုများပြားသော ရော(၁)လက်တွန်းထွန်စက်များကို ကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် တောင်သူလယ်သမားများကိုယ်တိုင် ဆင်တဲရှိ အမှတ်(၁)လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှု စက်ရုံ၊ နေပြည်တော်ရှိ မြန်မာ့လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၊ (စက်မှု-၂)ဝန်ကြီးဌာနများသို့ ဆက်သွယ်ဝယ်ယူနိုင်ကြပြီဖြစ်သည်။ မည်သည့်အခက်အခဲမျှ မရှိစေရန်အတွက်လည်း ဝယ်ယူသူများကို လိုအပ်သော ကူညီပံ့ပိုးမှုများကို တာဝန်ကျ ဝန်ထမ်းများက လိုက်လံဆောင်ရွက်ပေးမည်ဖြစ်သည်။ လိုအပ်သည့် မည်သည့်နေရာမဆို လိုက်လံပို့ဆောင်ပေးလျက်ရှိသည်။

အရစ်ကျပေးချေ

လယ်ယာလုပ်ငန်းကို အမှန်တကယ်လုပ်ကိုင်ပြီး လက်တွေ့လယ်ယာလုပ်ငန်းခွင်၌ လိုအပ်နေသော တောင်သူလယ်သမားများအား အရစ်ကျငွေပေးချေမှုစနစ်ဖြင့် ဝယ်ယူနိုင်ကြကြောင်း သိရသည်။

ဆက်သွယ်ဝယ်ယူနိုင်

ထိုသို့ ဝယ်ယူနိုင်ရန် အတွက် ဆင်တဲရှိ အမှတ်(၁) လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှု စက်ရုံ၌ ပိတ်ရက်မရှိ ၂၄နာရီပတ်လုံး လာရောက်ဆက်သွယ်လိုလျှင် ဖုန်း -၀၆၇-၄၀၅၃၂၃နှင့် ဆင်တဲရှိ အမှတ်(၁) လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုစက်ရုံသို့ ဆက်သွယ်လိုပါက ဖုန်း-၀၅၃-၄၀၀၂၆၊ ၄၀၀၂၈ တို့သို့ ဆက်သွယ်မေးမြန်း ဝယ်ယူနိုင်ကြပြီဖြစ်သည်။

ကြီးပွားချမ်းသာ

ထို့ကြောင့် မြန်မာ့လယ်ယာမြေနှင့် ကိုက်ညီပြီး အသုံးတည့်သည့် ရော(၁) လက်တွန်းထွန်စက်များကို အသုံးပြုခြင်းဖြင့် စက်မှုလယ်ယာအဖြစ် ဆန်းသစ်စေရေးနှင့် တောင်သူများကိုယ်တိုင်ကြီးပွားချမ်းသာမှုကို ဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ တင်ပြလိုက်ရပါသည်။ ။ **(သတင်းစဉ်)**

အပတ်ရေပြည့် မပြည့်စစ်ဆေး

၁၈ သွားထွန်ခုံ အပတ်ရေပြည့်မပြည့် စက်ကိရိယာဖြင့် ဤသို့စစ်ဆေးရသည်။ (မြန်မာ့အလင်း)

အမှတ်(၁) လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ၌ ရော(၁) လက်တွန်းထွန်စက်ကိုယ်ထည်များကို ဤသို့အစီအရီ တွေ့ရသည်။ (မြန်မာ့အလင်း)

မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးပူဇော်ပွဲ

ရန်ကုန် စက်တင်ဘာ ၂၅

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့က ကြီးမှူး၍ မြန်မာနိုင်ငံဆရာဝန်အသင်း၏ (၂၇)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို လာမည့် ဒီဇင်ဘာလအတွင်း ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။ လက်ရှိရန်ကုန်မြို့တွင် နေထိုင်ကြသော ယခင်နှစ်များတွင် အကြောင်းကြောင်းကြောင့် သက်ကြီးပူဇော်ပွဲသို့ တက်ရောက်ရန် ဖိတ်စာမရ ရှိသူများ၊ လိပ်စာအပြောင်းအရွှေ့ ရှိသောသူများနှင့် ၁၉၃၆ခုနှစ် ဒီဇင်ဘာလအတွင်း မွေးဖွားသော ဆရာကြီး၊ ဆရာမကြီးများသည် (စနေ/တနင်္ဂနွေနေ့များမှအပ) ရုံးအချိန်အတွင်း အောက်တိုဘာ ၃၁ရက် နောက်ဆုံးထား၍ ဒေါက်တာခင်မာအေး ဖုန်း-၀၉ -၅၁-၃၇၈၂၃၊ ဒေါက်တာယုယုလွင် ဖုန်း-၀၉-၅၁-၃၇၅၇၀၊ အမျိုးသမီး ဆရာဝန်များအဖွဲ့ မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ် ၂၄၉ သိမ်ဖြူလမ်း ဖုန်း-၃၇၈၈၆၃၊ ၃၈၀၈၉၉ လိုင်းခွဲ ၁၀၆၊ ၁၁၃တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၉-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **လျှူရတာကျေနပ်စရာပါ** တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရင်ခုန်သံများဆုံစည်းရာ** (အပိုင်း-၁၇)
- ၈:၃၀ Sport World (Players; Live)
- ၈:၅၅ Activities in the City (ရန်ကုန်ကလေးဆေးရုံကြီး၏ စက်ပစ္စည်းများလှူဒါန်းပွဲ အခမ်းအနား)
- ၉:၁၅ အဆီအနှစ်ပြည့်ဝသောသဘာဝ အရသာနန်းဝေနို့မှုန့်မှာ
- ၉:၄၀ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀:၃၀ ဂီတသံစဉ်အလှဆင်''ခင်ယုမေ''
- ၁၀:၅၀ သွားမယ်စားမယ် (Phoenix Court CHINESE RETAURANT)
- ၁၁:၂၀ စွယ်တော်လေးဆူဆုပန်ယူ
- ၁၁:၄၅ အနုပညာမိုးကောင်းကင်
- ၁၂:၀၀ အရိုးကြီးပေါင်းရောဂါအကြောင်း သိကောင်းစရာ (ဒေါက်တာပန်ဒိုရာအောင်ကြီး)
- ၁၂:၃၀ မြန်မာတို့၏စွဲမက်ဖွယ်ရာ ထိုးမုန့်၊ လမုန့်အရသာ
- ၁၂:၄၅ လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
- ၁:၀၀ **လျှူရတာကျေနပ်စရာပါ** တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival (DJ Fashion)
- ၃:၄၀ နှလုံးသားနှင့် အတူ ''လမ်းပေါင်း'' လေးအတိုင်းအတူလျှောက်လှမ်းစို့
- ၄:၀၅ ဘေးမဲ့တောလေးတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
- ၄:၁၅ မြန်မာတို့၏စွဲမက်ဖွယ်ရာ ထိုးမုန့်၊ လမုန့်အရသာ
- ၄:၃၀ အဆီအနှစ်ပြည့်ဝသောသဘာဝ အရသာနန်းဝေနို့မှုန့်မှာ
- ၄:၅၅ Activities in the City (ရန်ကုန်ကလေးဆေးရုံကြီး၏ စက်ပစ္စည်းများလှူဒါန်းပွဲ အခမ်းအနား)
- ၅:၂၀ ဂီတသံစဉ်အလှဆင် ''ခင်ယုမေ''
- ၅:၄၀ သဘာဝကပေးတဲ့အကျိုးအာနိသင် **ကျေးဇူးပါချစ်သူရယ်** ပြည့်စုံ၊ကြည်နူးနိုင်၊ လျှမ်းပြည့် ကလေးသရုပ်ဆောင် - သက်မှူးစံ၊ ပြောင်ကြီး [ဒါရိုက်တာ-ကြည်သာ(ပွဲကြိုက်ခင်)]
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ သွားမယ်စားမယ် (Phoenix Court CHINESE RESTAURANT)
- ၆:၅၀ အနုပညာမိုးကောင်းကင်
- ၇:၀၅ Fashion Music Festival (DJ Fashion)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ ပန်းချီပြခန်း (ကွယ်လွန်ခဲ့ပြီးသောပန်းချီဆရာများ၏လက်ရာပြသပွဲ)
- ၈:၅၅ အင်တာနက်လမ်းညွှန် (Star Net Internet)
- ၉:၁၀ လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရင်ခုန်သံများဆုံစည်းရာ** (အပိုင်း-၁၇)
- ၁၀:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁၁:၄၅ ခံစားချက်တို့ပေါင်းဆုံရာ--- ငပလီကမ်းခြေသာ
- ၁၂:၀၀ နှင်းပွင့်လေးတွေနှင့်တွဲဖက် ဆွယ်တာလေးတွေစွဲမက်
- ၁၂:၁၅ အံ့မခန်းမြန်မာ့ပန်းပုပညာလက်ရာ ရွှေကူတံကဲတော်ကြီး
- ၁၂:၂၀ တို့ကမ္ဘာမြေသာယာဖို့ ကြွပ်ကြွပ်အိတ်ကိုငြင်းပယ်စို့
- ၁၂:၄၀ သဘာဝကပေးတဲ့အကျိုးအာနိသင် **ကျေးဇူးပါချစ်သူရယ်** ပြည့်စုံ၊ကြည်နူးနိုင်၊ လျှမ်းပြည့် ကလေးသရုပ်ဆောင် - သက်မှူးစံ၊ ပြောင်ကြီး [ဒါရိုက်တာ-ကြည်သာ(ပွဲကြိုက်ခင်)]
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်			ပြသမည့်လိုင်း
၆:၁၀	Portsmouth	-	Everton	ESPN(Live)
၈:၂၅	Stoke City	-	Man U	ESPN(Live)
	Liverpool	-	Hull City	STAR SPORTS(Live)
၁၀:၅၅	Fulham	-	Arsenal	ESPN(Live)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

စက်တင်ဘာလအတွက် (၂၇-၉-၂၀၀၉)ရက်နေ့

အောက်တိုဘာလအတွက်

(၁၁-၁၀-၂၀၀၉)ရက်နေ့ နှင့် (၂၅-၁၀-၂၀၀၉)ရက်နေ့

ကြိုဆိုနှုတ်ဆက်

စက်တင်ဘာ၂၅ရက်က ဆော်ဒီအာရေးဗီးယားနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲသို့ တက်ရောက်လာသော ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူနှင့် ဇနီးတို့အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဆော်ဒီအာရေးဗီးယားနိုင်ငံ သံအမတ်ကြီး **H.E. Mr. Turki Bin Naji Abdul Kadir Al Ali** ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

(၆၂)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲ အာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲကို ၁၃၇၁ခုနှစ် နတ်တော်လပြည့်ကျော် ၁၂ရက်(တနင်္ဂနွေနေ့)မှ ၁၃၇၁ခုနှစ် ပြာသိုလပြည့်ကျော် ၁၅ရက်(ကြာသပတေးနေ့)အထိ (၂၀၀၉ခုနှစ် ဒီဇင်ဘာ၁၃ရက်မှ ၂၀၁၀ပြည့်နှစ် ဇန်နဝါရီ ၁၄ရက်အထိ) ကျင်းပမည်ဖြစ်သည်။

ဝင်ရောက်ဖြေဆိုမည့် သံဃာတော် အရှင်သူမြတ်များသည် ၁၃၇၁ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၃ရက် (အောက်တိုဘာ ၁၆ရက်)နောက်ဆုံးထား၍ ဝင်ခွင့်တောင်းလွှာများကို (ဓာတ်ပုံနှစ်ပုံနှင့် အတူ)ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ စာမေးပွဲဌာနခွဲ(တိပိဋကဓရရွေးချယ်ရေး စာမေးပွဲ)သို့ ပေးပို့ရန်ဖြစ်ကြောင်း၊ လက်မှတ်ရေးထိုးတင်သွင်းပြီးနောက် အကြောင်းမညီညွတ်၍ ပြန်ဆို-ဖြေဆိုရန် ပျက်ကွက်ပါက ပျက်ကွက်သည့်အကြောင်းကို ၁၃၇၁ခုနှစ် နတ်တော်လဆန်း ၂ရက် (နိုဝင်ဘာ ၁၈ရက်)နောက်ဆုံးထား၍ အကြောင်းကြားရန်ဖြစ်ကြောင်း၊ စာမေးပွဲအတွက် ပြဋ္ဌာန်းချက်များမှာ ယခင်နှစ်များကအတိုင်း ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး (၄၉)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ပြေး/ခုန်/ပစ် ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆု ရရှိသွားသော အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

အထူးအယူခံခုံရုံး တရားရုံးချုပ်(နေပြည်တော်)၌ ရုံးထိုင်

နေပြည်တော် စက်တင်ဘာ ၂၅

တရားရုံးချုပ် (နေပြည်တော်)မှ ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တရားရုံးချုပ် (ရန်ကုန်)မှ တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသည့် ဦးမြင့်သိန်းနှင့် ဦးချစ်လွင်တို့ ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၁၀နာရီတွင် တရားရုံးချုပ်(နေပြည်တော်) တရားခွင် အမှတ်(၁)၌ ရုံးထိုင်၍ တရားမ အထူးအယူခံမှုခုနစ်မှုကို စီရင်ချက် ချမှတ်သည်။

ထို့အပြင် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ(၇)အရ တင်သွင်းသည့် တရားမ အထူးအယူခံမှု ငါးမှုကို ကြားနာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ပြေး/ခုန်/ပစ် ပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၅

၂၀၀၉ခုနှစ် (၄၉)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ပြေး/ခုန်/ပစ် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၈နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးတက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြိုင်ပွဲကိုကျင်းပပြီး အနိုင်ရရှိသွားသော အားကစားသမားများအား တက်ရောက်လာကြသည့် အရာရှိကြီးများက ဆုများပေးအပ်ချီးမြှင့်၍ တံခွန်စိုက်ဒိုင်းဆု ရရှိသွားသောအသင်းအား ဌာနချုပ်မှူးက ဆုပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူပါရုံကျောက်စာ အတွဲ(၁) စာအုပ်ထုတ်ဝေ



နေပြည်တော် စက်တင်ဘာ ၂၅

ယဉ်ကျေးမှု ဝန်ကြီးဌာန ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသည် ရှေးဟောင်း မြန်မာစာပေများ ဖော်ထုတ်ထိန်းသိမ်းခြင်းလုပ်ငန်းတစ်ရပ်အဖြစ် မြန်မာနိုင်ငံအရပ်ရပ်ရှိရှေးဟောင်းကျောက်စာ၊ မင်စာများကို စုဆောင်း၍ ပုံနှိပ်ထုတ်ဝေလျက်ရှိရာ စစ်ကိုင်း ထူပါရုံစေတီမှ ကျောက်စာများအား စုစည်းလျက် "ထူပါရုံကျောက်စာ အတွဲ(၁)"စာအုပ်ကို ၂၀၀၉ခုနှစ် စက်တင်ဘာလတွင် ပထမအကြိမ်အဖြစ် ပုံနှိပ်ထုတ်ဝေလိုက်သည်။ **(အပေါ်ဝဲပုံ)**

၎င်းဦးစီးဌာနအနေဖြင့် ယခင်ကလည်း အထက်မြန်မာပြည်၌ စုဆောင်းထားသော ကျောက်စာများအတွဲ(၁)နှင့်(၂)၊ ပုဂံ၊ ပင်းယ၊ အင်းဝ ကျောက်စာ၊ ပုဂံကျောက်စာ ညွန့်ပေါင်း၊ ပုဂံကျောက်စာလက်ရွေးစင်၊ ဘိုးတော်ဘုရား မန္တလေးကျောက်စာများ၊ ဘိုးတော်ဘုရား အမရပူရ ကျောက်စာများ၊ ရှေးဟောင်းမြန်မာကျောက်စာများ (ပထမတွဲမှ ပဥ္စမတွဲ)တို့ကို အသီးသီး ထုတ်ဝေခဲ့ပြီးဖြစ်သည်။

"ထူပါရုံကျောက်စာ အတွဲ(၁)"ကို ပြည်နယ်နှင့်တိုင်း အသီးသီးရှိ ရှေးဟောင်းသုတေသနဦးစီးဌာန ဌာနခွဲရုံးများ၊ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်များ၊ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (နေပြည်တော်)နှင့် မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့ရှိ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနများ၌ တစ်အုပ်လျှင် ငွေကျပ် ၃၅၀၀ဖြင့် ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းအလှူဒါနပြုပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၅

တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်)၏ တတိယအကြိမ် စုပေါင်း အလှူဒါနပြုပွဲ အခမ်းအနားကို စက်တင်ဘာ၁၀ရက်က မရမ်းကုန်းမြို့နယ် ရှစ်မိုင်လမ်းဆုံအနီးရှိ ပေါက်စေတီကျောင်းတိုက်၌ ကျင်းပရာ ဒေါက်တာဘိုကြည်က အခမ်းအနား အစီအစဉ်များကို ဖတ်ကြားပြီး ဦးခင်မောင်မြင့်က အလှူရှင် စာရင်းကို ကြေညာကာ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး စိန်မောင်(ငြိမ်း)က လှူဒါန်းပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဥက္ကဋ္ဌဗိုလ်မှူးကြီး စိန်မောင်(ငြိမ်း) ပါဝင်သော အမှုဆောင်များ၊ အသင်းသား အသင်းသူများနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းတို့ဖြင့် စုပေါင်းလှူဒါန်းကြသည်။ **(မြန်မာ့အလင်း)**

ဖလမ်းဈေးပြန်လည်ပြုပြင်

ဖလမ်း စက်တင်ဘာ ၂၅

ဖလမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးအတွင်းအကြော်ဆိုင်တန်းများကို စနစ်တကျ သန့်ရှင်းသပ်ရပ်စွာ ရောင်းချနိုင်ရန်အတွက် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ပြန်လည်ပြုပြင် ဆောက်လုပ်မှုကို အမှုဆောင်အရာရှိ ဦးထလာဟာရဲ စက်တင်ဘာ ၁၂ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် စက်တင်ဘာ ၂၅

၂၀၀၉ခုနှစ် (၂၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလားအသက် ၂၁နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့်ဇုန်များ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ တပခဇုန် တောင်ငူ၌ (င)အုပ်စုမှ ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းက အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောက်တိုဘာလထုတ် ငွေတာရီမဂ္ဂဇင်းထွက်နေပြီ

ရန်ကုန် စက်တင်ဘာ ၂၅

မီးမြင်းမိုရ်ပွဲအကြို လှပစွဲမက်ဖွယ်ရာကောင်းသော ပန်းချီမောင်မောင်သိုက်၏ မျက်နှာဖုံးပန်းချီနှင့်အတူ မင်းယုဝေ၊ မောင်ယဉ်နွယ်၊ မြင်းမူမောင်နိုင်မိုး၊ ညွန့်ဝေ(ကသာ)၊ မောင်ဟေမာ၊ ကို(တက္ကသိုလ်)၊ မောင်ကြည်နွယ်၊ မောင်နီဝင်း(ပခုက္ကူ)၊ မောင်နီမြင့်၊ ဆုမွန်ဦး(ဟသ်ာတ)၊ ခြိမ့်နိုင်၊ ကေတုနီလာတို့၏ ဒသာန ကဗျာပုံရိပ်တို့အပြင် ကာတွန်းငွေကြည်၊ တင်အောင်နီ၊ မြေဇာ၊ မောင်မောင်ညွှက်၊ စည်သူကျော်၊ ရွှေကိုဦးတို့၏ ကာတွန်းလက်ရာများ အပါအဝင် ရှင်ဉာဏ(ဖျာပုံ)၊ ချစ်စံဝင်း၊ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၊ မကြန်၊ တက္ကသိုလ်သျှင်ဥက္ကာ(မဟာဝိဇ္ဇာကျမ်းပြု)၊ ရဲမြင့်သိန်း(မွန်မြတ်စေတနာ)၊ ဗိုလ်ကလေးတင့်အောင်၊ ခင်မြကြူ၊ မောင်ချိုမင်း(ကန္တာရဝတီ)၊ ဒေါက်တာသက်ဆွေ၊ တက္ကသိုလ်တင်ခ၊ချစ်နိုင်(စိတ်ပညာ)၊မောင်ခင်မင်(ဓနုဖြူ)၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ မောင်ကြည်သစ်ဦး၊ သျှားထက်နိုင်(ဘူမိဗေဒ)၊ သော်ဇင်သစ်၊ နိုင်ဇော်၊ ဒေါက်တာအမာ(သမိုင်း)၊ လှဘုန်းအောင်၊ မန်းတင်၊ သက်နှင်းအောင်၊ ဟိန်း၊ ဆင်ဖြူကျွန်းအောင်သိန်း၊ ဌေးမောင်၊ မောင်မိုးယံ၊ နွေ၊ ကိုဇော(ပထဝီဝင်)၊ ပေါ်ဦးသစ်၊ ဒေါက်တာစံတင်အောင်(ရွှေဘို)တို့၏ သုတရသစုံဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်တို့ကို ဖတ်ရှုကြရမည် ဖြစ်သည်။

ငွေတာရီမဂ္ဂဇင်းကိုအမှတ်(၂၀၆) ၃၁လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄ နှင့် အမှတ်၁၅ တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅)ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၈၂၇၃တို့သို့ မှာကြားဝယ်ယူဖတ်ရှုနိုင်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၁ခုနှစ် သီတင်းကျွတ်လဆန်း ၈ရက် (ဥပုသ်နေ့)

၂၆-၉-၂၀၀၉ ရက် (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ အောင်တော်မူ စောမင်းနောင်၊ စိုင်းညီမင်း၊ (တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ ဖောင်တော်ဦးဘုရားပွဲတော်
၇:၅၅ ၅။ **၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) [ဝါသနာရှင်(ပထမတန်း)အဆင့်] (အမျိုးသား၊ အမျိုးသမီး)**
၈:၂၅ ၆။ International News
၈:၃၀ ၇။ Islands of Dhamma
၈:၄၀ ၈။ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော် မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ဗဟန်းမြို့နယ် ရန်ကုန်တိုင်းထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း
၉:၀၀ ၉။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၅၀ ၄။ Yan Can Cook
၁၂:၁၀ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ** (အပိုင်း-၃၁)
၁၃:၁၀ ၆။ ဂီတသံစဉ်အလှဆင်
၁၃:၃၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၃:၄၅ ၈။ **၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) [ဝါသနာရှင်(ပထမတန်း)အဆင့်] (အမျိုးသား၊ အမျိုးသမီး)**
၁၄:၁၀ ၉။ **စက်မှုဖွံ့ဖြိုး တို့တိုင်းပြည်အကျိုး** ဖြိုးငွေစိုး၊ မိုးဒီ၊ သဇင်၊ နှင်းဆီ (ဒါရိုက်တာ-တင်အောင်ရွှေ)
၁၄:၂၅ ၁၀။ အတီးပြိုင်ပွဲ
၁၄:၄၀ ၁၁။ International News
၁၄:၄၅ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၄၅ ၁။ Myanmar National League MNL (2009) **ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် ကမ္ဘောဇ F.C အသင်း နှင့် ရန်ကုန်ယူနိုက်တက် F.C အသင်း)**
၅:၄၅ ၂။ တေးဂီတအစီအစဉ်
၆:၀၀ ၃။ ညနေခင်းသတင်း
၆:၁၅ ၄။ မိုးလေဝသအခြေအနေ
၆:၂၀ ၅။ အလှရှာမယ်လှကမ္ဘာဝယ်
၆:၄၀ ၆။ ယဉ်တစ်ကိုယ်မယ် **ခိုးဝှက်ခြင်းခံလိုက်ရတဲ့ ဒိုင်ယာရီစာမျက်နှာ** ဆန်းထွဋ်၊ နေခြည်လင်းလဲ့ (ဒါရိုက်တာ-မင်းဇေယျာလင်း)
၇:၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **မိုးမြေချစ်သူ**(အပိုင်း-၇)
၈:၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစုစွန့်စားခန်း** (အပိုင်း-၄၅)
၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဖြူရောင်အောက်က အကြင်နာနှလုံးသား**(အပိုင်း-၂၄) (ဇာတ်သိမ်းပိုင်း)
၁၃။ ဂီတတံခါးလေးဖွင့်ပါဦး
၁၄။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်
၁၅။ အစီအစဉ်ပြီး၏။

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် စက်တင်ဘာ ၂၅

ဆေးပညာအထူးပြုဘာသာရပ်များဆိုင်ရာ နှီးနှောဖလှယ်ပွဲကျင်းပမည်

မြန်မာနိုင်ငံ ဆရာဝန်အသင်း၏ (၁၄)ကြိမ်မြောက် ဆေးပညာအထူးပြုဘာသာရပ်များဆိုင်ရာ နှီးနှောဖလှယ်ပွဲကို အောက်တိုဘာ ၈ရက်မှ ၁၀ရက်အထိ ရန်ကုန်မြို့ ဆူးလေဘုရားလမ်း ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ သက်ဆိုင်ရာ ဘာသာရပ်အသီးသီးမှ အထူးကုဆရာဝန်များ တက်ရောက်နိုင်ကြသည်။

အထက(၅)ပိုလ်တထောင် မြတ်ဆရာပူဇော်ပွဲ

၁၉၈၆-၁၉၉၈ခုနှစ်တွင် ပညာသင်ကြားခဲ့ကြသော အထက(၅)ပိုလ်တထောင် ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၃ရက်တွင် ကျင်းပမည်ဖြစ်ရာ ဆက်သွယ်လှူဒါန်းလိုပါက ဖုန်း-၀၉-၅၁-၅၀၇၂၀၊ ၀၉-၅၀-၅၀၄၇၈နှင့် ၀၉-၅၀-၃၀၄၅၈တို့သို့ ဆက်သွယ်နိုင်သည်။

အထက(၁)လှိုင်သာယာ မြတ်ဆရာပူဇော်မည်

အထက(၁)လှိုင်သာယာ၏ ပဉ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၄ရက်(တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာ ဆရာမကြီးများအား ဖိတ်ကြားထားပြီး လှူဒါန်းလိုပါက ဖုန်း-၇၀၆၂၃၀၊ ၀၉-၈၆-၁၈၂၀၂နှင့် ၆၄၅၁၁၃တို့သို့ ဆက်သွယ်နိုင်ကြသည်။

ငါးလုပ်ငန်းအဖွဲ့ချုပ် ဟောပြောပွဲ တက်ရောက်နိုင်

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ စက်တင်ဘာ ၂၆ရက် မွန်းလွဲ ၂နာရီတွင် ဒေါက်တာထွန်းလွင်(မိုး/ဇလ-ငြိမ်း)က ၂၀၀၉ခုနှစ် အယ်လ်နီညိုအကျိုးဆက်များနှင့် မြန်မာနိုင်ငံ၏ မြေလျှင်အလားအလာ ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ဝင်စားသူများ တက်ရောက်နိုင်သည်။

စဥ့်ကိုင်(မြို့မ)အထက မြတ်ဆရာပူဇော်မည်

ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့(မြို့မ) အခြေခံပညာအထက်တန်းကျောင်း၏ မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၁ရက် မွန်းလွဲ ၁နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်နိုင်ရန် ဖိတ်ကြားနိုးဆော်ထားပြီး ဖုန်း-၀၁-၅၆၃၃၀၃နှင့် ၀၁-၅၆၁၁၉၁တို့သို့ စာရင်းပေးပို့ဆက်သွယ်နိုင်သည်။

နဒီနက္ခတ်မင်္ဂလာ အခါပေးပြက္ခဒိန် ထွက်ရှိ

မြန်မာနိုင်ငံ နက္ခတ်ပညာရှင်များအဖွဲ့ နဒီနက္ခတ်ဗေဒင်သင်တန်းကျောင်းမှ နှစ်စဉ်ထုတ်ဝေသော မင်္ဂလာအခါပေးပြက္ခဒိန်ထွက်ရှိနေပြီး ဌာနဆိုင်ရာများ၊ တက္ကသိုလ်များနှင့် ပြည်နယ်နှင့်တိုင်းများမှ နက္ခတ်ပညာသင်ယူလိုသူများအနေဖြင့် ဖုန်း-၀၉-၅၃-၁၀၆၂၇ သို့ ဆက်သွယ်နိုင်သည်။

လောကနတ်ပန်းချီပြခန်း၌ ပန်းချီပြပွဲ ခင်းကျင်း

ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ လောကနတ်ပန်းချီပြခန်းတွင် သဘာဝဆိုင်ရာ အနုပညာဖန်တီးမှု ပန်းချီပြပွဲကို စက်တင်ဘာ၂၄ရက်က ဖွင့်လှစ်ခဲ့ပြီး ပြပွဲကို စက်တင်ဘာ ၃၀ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ခင်းကျင်းပြသလျက်ရှိသည်။

နှလုံးကျန်းမာရေးနေ့ အထိမ်းအမှတ်ဟောပြောမည်

ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အထိမ်းအမှတ်အဖြစ် ဟောပြောပွဲကို စက်တင်ဘာ ၂၇ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်၌ကျင်းပမည်ဖြစ်ရာ ပါမောက္ခ ဒေါက်တာတင်လတ်က ဟောပြောမည်ဖြစ်သည်။

မျှော်စင်ကျွန်း၌ ဂီတဖျော်ဖြေပွဲ ကျင်းပမည်

အယ်လ်ပိုင်းဂီတဖျော်ဖြေပွဲ သီတင်းကျွတ် အထူးအစီအစဉ်အဖြစ် အောက်တိုဘာ ၃ရက်(စနေနေ့)ညနေ ၆နာရီတွင် မျှော်စင်ကျွန်း(ကရဝိက်ဥယျာဉ်ကမ္ဘာ)၌ အိုင်းရင်း ခရော့စ်အဖွဲ့နှင့်အတူ ဂီတအနုပညာရှင်များက ဖျော်ဖြေကြမည်ဖြစ်သည်။

အမျိုးသမီးပန်းချီပြပွဲ ခင်းကျင်းပြသ

မြန်မာအမျိုးသမီး ပန်းချီပညာရှင်များ၏ တတိယအကြိမ် ပန်းချီပြပွဲကို မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို)ပြခန်း၌ စက်တင်ဘာ ၂၃ရက်က ဖွင့်လှစ်ပြသခဲ့ပြီး ရေဆေး၊ ဆီဆေးနှင့် အခရိုင်းလစ်လက်ရာပန်းချီကားများကို စက်တင်ဘာ ၂၇ရက်အထိ ခင်းကျင်းပြသထားမည်ဖြစ်သည်။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

ကျေးလက်ရေပေးရေး တန့်ဆည်တွင် ဆောင်ရွက်

တန့်ဆည် စက်တင်ဘာ ၂၅

တန့်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ရေပေးရေးလုပ်ငန်းဖြစ်သော ကုန်းရိုးရွာ အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးမျိုးဌေးနှင့် လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ ဦးဇော်သက်နိုင်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မိုးကောင်းမြို့ မိုးကောင်းခန်းမအဆောက်အအုံကို ဤသို့ သပ်ရပ်စွာ တွေ့ရသည်။ (မြန်မာ့အလင်း)

● *ကျောက်ဖုံးမှ*

ဖွံ့ဖြိုးဖို့ရန် အသာထား အနေဆင်းရဲ၊ ဘဝဆင်းရဲ ဒုက္ခမျိုးစုံ ကြုံတွေ့ခဲ့ရသည်။ ယခုအခါ နယ်စပ်ဒေသ အစွန်အဖျားဒေသများပင် တည်ငြိမ်အေးချမ်းလာခဲ့ပြီဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်

မြန်မာ့အလင်းသတင်းအဖွဲ့သည် မကြာမီက ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့သို့ ဒေသဖွံ့ဖြိုးတိုးတက်ရေး သတင်းဆောင်းပါးများ ရေးသားရန် ရောက်ရှိခဲ့ရာမှ မိုးကောင်းမြို့၏ ဖွံ့ဖြိုးတိုးတက်လာသောမြင်ကွင်းစုံကို မြင်တွေ့ခဲ့ရသည်။ သတင်းအဖွဲ့သည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒေါ်ခင်စန်းတင့် ဦးဆောင်ကာ မိုးကောင်းမြို့ကို လေ့လာခဲ့ကြသည်။ သတင်းအဖွဲ့နှင့်အတူ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးဇော်ဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်အေးအေးလင်း၊ မြို့နယ်သတင်းထောက် ကိုထက်သူအောင်တို့လည်း အဖွဲ့ဝင်အဖြစ် လိုက်ပါကူညီခဲ့ကြသည်။

တည်ရှိ

မိုးကောင်းမြို့သည် ကချင်ပြည်နယ် မိုးညှင်းခရိုင်အတွင်းရှိသည့် မြို့နယ်တစ်ခုဖြစ်သည်။ ဤမြို့သည် မြောက်ဘက်တွင် တနိုင်း၊ အရှေ့ဘက်၌ မြစ်ကြီးနား၊ တောင်ဘက်တွင် မိုးညှင်းနှင့် ဟိုပင်၊ အနောက်ဘက်တွင် ဖားကန့်နှင့် ကာမိုင်းမြို့များက ဝိုင်းရံလျက် နယ်နိမိတ်ချင်း ဆက်စပ်နေသည်။

မိုးကောင်းမြို့၏ အရှေ့ဘက်တွင် ရေဝတီမြစ်ကြီးနှင့်တောင်တန်းပြာကြီးများရှိသကဲ့သို့ အနောက်ဘက်၌လည်း တောင်တန်းများရှိသည်။ မိုးကောင်းမြို့၏ အရှေ့ဘက်တွင် မိုးကောင်းချောင်းသည် ရစ်သွယ်စီးဆင်းလျက်ရှိခြင်းကြောင့် အတားအဆီးတစ်ခုကဲ့သို့ ဖြစ်နေခဲ့ရာမှ ယခုအခါ ယင်းမိုးကောင်းချောင်းကို မိုးကောင်းတံတားကြီးဖြင့် ဆက်စပ်ပေးလိုက်သဖြင့် အရှေ့မြောက်ဘက် မြစ်ကြီးနားသို့ ခရီးဆန့်ရန် လွယ်ကူသွားပြီဖြစ်သည်။

ကျွန်းတောတံတား

အလားတူ အနောက်ဘက်တွင် စီးဆင်းလျက်ရှိသော နန့်ရင်းချောင်းကို ယခုအခါ ကျွန်းတောတံတား တည်ဆောက်ဖွင့်လှစ်ပေးလိုက်သဖြင့် ကာမိုင်းနှင့်ဖားကန့်သို့ သွားလာရေး လွယ်ကူချောမွေ့စေခဲ့ပြီဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စု ကားလမ်းမကြီးသည်လည်းကောင်း၊ တောင်မြောက်သွယ်တန်းနေသော မီးရထားလမ်းကြီးသည်လည်းကောင်း မိုးကောင်းမြို့ကို ပံ့ပိုးလျက် ပိုမိုဖွံ့ဖြိုးစေခဲ့သည်။

တဖွဲဖွဲဝင်

မိုးကောင်းမြို့မှတစ်ဆင့် ကျောက်မျက်ကျောက်စိမ်းများထွက်ရှိရာ ဖားကန့်၊ လုံးခင်းဒေသများသို့ အနယ်နယ်အရပ်ရပ်မှ ကျောက်မျက် တူးဖော်သူများ၊ ကျောက်မျက်တူးဖော်ရေး လုပ်ငန်းရှင်များ နေ့စဉ်သွားရောက်လျက်ရှိရာမှ မိုးကောင်းမြို့မှာ စီးပွားရေးပိုကောင်းလာသည်။ ဖားကန့်မြို့နှင့် မိုးကောင်းမြို့သည် ၆၇မိုင်သာ ကွာဝေးသည်။ နေ့စဉ် ဗင်ကားများ၊ လမ်းကြမ်းသုံးကားများဖြင့် ခရီးသွားများ တဖွဲဖွဲဝင်ထွက်သွားလာလျက်ရှိသည်။

ပြောင်းလဲ

မိုးကောင်းမြို့ကို နိုင်ငံတော်အစိုးရက နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ အစစအရာရာ ဖြည့်ဆည်းပေးခဲ့ရာ ကျန်းမာရေး၊ ပညာရေး၊ ဆက်သွယ်ရေးကဏ္ဍများ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလာသည်။

စည်းလုံးခြင်းသည်အင်အား ရုပ်တုနှင့် သန့်ရှင်းလှပနေသော မိုးကောင်းမြို့ မြင်ကွင်းတစ်နေရာ။ (မြန်မာ့အလင်း)

“ကျွန်တော်တို့ မိုးကောင်းမြို့မှာ အရင်က (၂၅)ခုတင်ဆံ့ ဆေးရုံတစ်ရုံ၊ တိုက်နယ်ဆေးရုံ တစ်ရုံသာရှိပါတယ်။ အခုအခါမှာတော့ မိုးကောင်းမြို့ဆေးရုံကို (၂၅)ခုတင်ဆံ့ ဆေးရုံကနေ ခုတင် (၅၀)ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပါပြီ။ ဒါ့အပြင် တိုက်နယ်ဆေးရုံ နှစ်ရုံကိုလည်း ထပ်မံဖွင့်လှစ်ပေးနိုင်ပါပြီ။ နမ္မတီးနှင့် ဆားမော်ကျေးရွာတို့မှာ တိုက်နယ်ဆေးရုံများ ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် မိုးကောင်းမြို့နယ်အတွင်းက ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကို ယခင်ကထက် ပိုမိုဖြည့်ဆည်းပေးနိုင်ခဲ့ပါတယ်” ဟု မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်းက သတင်းအဖွဲ့အား ရှင်းပြသည်။

ပညာရေး

အလားတူ မိုးကောင်းမြို့နယ်၏ ပညာရေးကဏ္ဍမှာလည်း အံ့မခန်း တိုးတက်ပြောင်းလဲလာသည်။ ၁၉၈၈ ခုနှစ်မတိုင်မီက မိုးကောင်းမြို့နယ်တွင် အထက်တန်းကျောင်း လေးကျောင်း၊ အလယ်တန်းကျောင်း ခုနစ်ကျောင်း၊ မူလတန်းကျောင်း ၉၃ကျောင်းအထိသာရှိခဲ့သည်။ ယခုအခါ အထက်တန်းကျောင်း ငါးကျောင်း၊ အလယ်တန်းကျောင်း ၁၀ကျောင်း၊ မူလတန်းကျောင်း ၁၁၁ကျောင်းအထိ တိုးတက်လာသည်။

ပြီးခဲ့သည့် ၂၀၀၉ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုသူ ၁၈၄၁ဦးအနက် ၆၇၂ဦး စာမေးပွဲဖြေဆိုအောင်မြင်ခဲ့သည်။ အောင်ချက်ရာခိုင်နှုန်းမှာ ၃၆ ဒသမ ၅၀ရှိသည်။ ယင်းနှစ်တွင် မိုးကောင်းမြို့နယ် စာဖြေဌာနများမှ ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၅ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၅၇ဦးထွက်ရှိခဲ့ကြောင်း မြို့နယ်ပညာရေးမှူး ဒေါ်စိန်းမြင့်က မြန်မာ့အလင်းသို့ ပြောပြသည်။

ဆက်သွယ်ရေး

အလားတူ တယ်လီဖုန်းဆက်သွယ်မှုမှာလည်း တိုးတက်ကောင်းမွန်လာသည်။ အော်တိုအိတ်ချိန်း၊ ဆယ်လ်လူလာနှင့် CDMA ဖုန်းများအထိ ဆက်သွယ်အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။ ထို့အပြင် မြို့တွင်းလမ်းများနှင့် ဈေးများမှာလည်း ယခင်နှင့်မတူ တိုးတက်ကောင်းမွန်လာသည်။ မြို့နယ်အတွင်းလမ်းများကို မြို့နယ်စည်ပင်မှ သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်လျက်ရှိရာ အရိပ်ရပန်းအလှပင်များကိုလည်း ဝေဝေဆာဆာ စိုက်ပျိုးထားကြောင်း တွေ့ရသည်။

ကဏ္ဍစုံ

သို့ဖြစ်ပေရာ ကချင်ပြည်နယ် မိုးကောင်းမြို့သည် ၁၉၈၈ခုနှစ်နောက်ပိုင်း အခြေအနေအရပ်ရပ် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်လာသော မြို့တစ်မြို့အဖြစ် ပြောင်းလဲပေါ်ထွန်းခဲ့ပြီဖြစ်ပါကြောင်း သတင်းခရီးတစ်ထောက် လေ့လာစေ့ငုတင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မိုးကောင်းမှ ဖားကန့်သို့ ထွက်ခွာသည့် မော်တော်ယာဉ်ကားဂိတ်ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

အလားတူ မိုးကောင်းမြို့နယ်၏ ပညာရေးကဏ္ဍမှာလည်း အံ့မခန်း တိုးတက်ပြောင်းလဲလာသည်။ ၁၉၈၈ခုနှစ်မတိုင်မီက မိုးကောင်းမြို့နယ်တွင် အထက်တန်းကျောင်း လေးကျောင်း၊ အလယ်တန်းကျောင်း ခုနစ်ကျောင်း၊ မူလတန်းကျောင်း ၉၃ကျောင်းအထိသာ ရှိခဲ့သည်။ ယခုအခါ အထက်တန်းကျောင်း ငါးကျောင်း၊ အလယ်တန်းကျောင်း ၁၀ကျောင်း၊ မူလတန်းကျောင်း ၁၁၁ကျောင်း အထိ တိုးတက်လာ။

ကချင်ပြည်နယ် မိုးကောင်းမြို့ ပြည်သူ့ဆေးရုံကို ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

အေးမြသော အရိပ်ပေးသူ

မောင်မောင်အေး
(ပညာရေး)

အရိပ်သည် တန်ဖိုးရှိပေစွ၊ နေပူပြင်းချိန်တွင် အရိပ်ထဲခေတ္တနေရလျှင်ပင် လွန်စွာချမ်းမြေ့မောပန်းနွမ်းနယ်မှု ပျောက်စေသည်။ အရိပ်တကာ့ အရိပ်ထဲတွင် ပညာအရိပ်သည်ကား ပိုမိုအေးမြ နွေးထွေးလေ၏။ ပညာအရိပ်ကို ပေးသူကား ဆရာတည်း။ ဆရာသည် အသိပညာသာမက ဘဝပညာဖြစ်သည့် ကျန်းမာရေး၊ ဘဝတွက်တာ ပညာရေးတို့ကို အမျိုးသားရေးလုပ်ငန်းအဖြစ် မြတ်နိုးဝင့်ကြွားစွာ အသိ၊ အလုပ်၊ အကျင့်တို့ကို ဆက်စပ်ယူသူဖြစ်သည်။

အခြေခံကျန်းမာရေး၊ ပညာပြည့်စုံတတ်မြောက်ရန် ပညာပေးထောက်ကူပစ္စည်းများကို ပီပီပြင်ပြင် သုံးစွဲသင်ကြားပေးသူဖြစ်သဖြင့် ထိုပုဂ္ဂိုလ်ကို မြတ်ဆရာဟု ခေါ်ဆိုကြသည်။ ထိုမြတ်ဆရာများ၏အရိပ်အောက်တွင် နေထိုင်ခြင်းသည် လွန်စွာချမ်းသာကြီးပွားကြောင်း အမှာတော်ရေး ဦးရှင်ကလေးက "အလွန်တရာ သစ်ရိပ်မှာလျှင် ချမ်းသာသည်ထက် စုံမက်မြတ်နိုး ဆွေမျိုးမိဘ အရိပ်ရသော် အေးမြသည်ပင်၊ ထိုထက်လျှင်လည်း ပဲ့ပြင်ဆရာ၊ အရိပ်တကာ၊ ချမ်းသာပွား၏" ဆိုမိန့်ခဲ့လေသည်။ ဆရာ၏အရိပ်သည် ကြီးလှပေစွ။

မြန်မာနိုင်ငံတွင် အမျိုးသားပညာမြင့်မားရေးကို အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံအတွင်း မြို့ရော တောပါမကျန် ပညာရေးဖွံ့ဖြိုးတိုးတက်အောင် စီမံကိန်း၊ စီမံချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေရာတွင် "ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့" ဟူသော ဆောင်ပုဒ်ကို ခံယူလျက် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။ ပညာရည်ထူးချွန်ထက်မြက်သည့် ကျောင်းသားကျောင်းသူအဖြစ်သို့ ဆရာဆရာမများက သင်ကြားလေ့ကျင့် ပုံသွန်းလောင်းရာတွင် အသိစိတ်ဓာတ်ဖြင့် စည်းကမ်းကောင်းမွန်ကြသည့် လူမွန်များအဖြစ်သို့လည်း လေ့ကျင့်သွန်သင် လမ်းပြပေးရန်လိုအပ်ပြီး "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဟူသော အစဉ်အလာကို ဆက်လက်ထိန်းသိမ်းရန် မြတ်ဆရာများ၏ တာဝန်ဖြစ်သည်။

ဆရာများအနေဖြင့်လည်း မြတ်ဆရာများအဖြစ် ခံယူကျင့်သုံးသွားရမည်ဖြစ်သည်။ မြတ်ဆရာများမဟုတ်ကြပါက ထိုသူတို့၏ တပည့်များလည်း အနာဂတ်၏သားကောင်း၊ သမီးကောင်း၊ နိုင်ငံအကျိုး သယ်ပိုးရွက်ဆောင်နိုင်မည့် မျိုးဆက်သစ်ကောင်းများ ဖြစ်မလာနိုင်ဘဲ ရှိပါလိမ့်မည်။ ထို့ပြင် မြတ်ဆရာတိုင်းသည် မြင့်မြတ်သောစိတ်ဓာတ်ရှိဖို့ လိုအပ်ပေသည်။ တပည့်များက သိရန်မှန်က မကျန်ရအောင် သင်ကြားပေးနိုင်မှ တပည့်များသည်လည်း မိမိတို့သိအပ်တတ်ရာ ပညာမှန်သမျှကို လုံးဝဥဿုံ အကုန်အစင် ကျွမ်းကျင်တတ်မြောက်နိုင်ပေမည်။

ဆရာအနေဖြင့် ကလေးများ လူချွန်လူကောင်းဖြစ်ရန် အရေးကြီးသော ကဏ္ဍမှပါဝင်နေပေပြီ။ ဆရာတိုင်းသည် သင်ကြားရေးရော အုပ်ချုပ်ရေးပါ ပူးတွဲ တာဝန်ထမ်းဆောင်သူများဖြစ်သည်။ ဆရာဟူသည် မိဘများနှင့် ကင်းကွာ၍မရပေ။ ကျောင်းနှင့်ရပ်ရွာဟူသည် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ဆိုသကဲ့သို့ အပြန်အလှန် အကျိုးပြုနေကြသည်။ ကျောင်းတွင်း မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်ဖွဲ့စည်း၍ လူထုအတွက် ပညာရေးလိုအပ်ချက် ဖြည့်ဆည်းဆောင်ရွက်ကြရသည်။

ဆရာသည် တပည့်တို့အား မြင့်မားအောင်၊ ကြီးကျယ်အောင်၊ အမှန်တရားမြတ်နိုးအောင် ဖန်တီးနိုင်စွမ်းရှိသည်။ ဆရာသည် တပည့်တို့အား ကုသိုလ်ကောင်းမှု၌ တည်အောင်ပြုစု ဆုံးမနိုင်သောကြောင့် ဘုရားနှင့် တစ်ဂိုဏ်းတည်း ထားခြင်းဖြစ်သည်။ ထိုအစွမ်း၊ ထိုသတ္တိ၊ ထိုဗီဇတို့ ဆရာတွင် မရှိသော ထိုဆရာသည် အနန္တောအနန္တငါးပါးတွင် မပါဝင် မဖြစ်ထိုက်သူဖြစ်သည်။

ဆရာတော်ရှင်မဟာသီလဝံသက "တိလောကဟုမရှိနိုင်းတူ၊ ဘက်မပြုသည်၊ သုံးဆူရတနာ၊ မာတာပီတ၊ ဆရာစသား အရှင်များ" လို့ ဖွဲ့ဆိုခဲ့သည်။ မန်လည်ဆရာတော်ဘုရားကြီးကလည်း ဆရာ၏ဂုဏ်အင်္ဂါကို ဖော်ထုတ်ပေးရာတွင် "ရှေးရှုမေတ္တာ၊ ကရုဏာနှင့် နာနာကြင်ကြင်၊ အပြစ်မြင်တိုင်း ဝမ်းတွင်းမသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာ ဟူလော့" ဟူ၍ မာဃဒေဝလင်္ကာကျမ်းတွင် ရေးဖွဲ့ထားခဲ့ပေသည်။

ဆရာသည် သီလသမာဓိပညာနှင့် ပြည့်စုံ၍လည်းကောင်း၊ ချစ်ဖွယ်လေးစားဖွယ်ကောင်း၍ ချီးမွမ်းထိုက်၍လည်းကောင်း၊ လမ်းလွဲလိုက်သူကို လမ်းမှန်ရောက်အောင် ဆုံးမနိုင်၍လည်းကောင်း၊ မသိနားမလည်သည်ကို သိနားလည်အောင် ဆောင်ကြဉ်းပေးနိုင်၍လည်းကောင်း၊ နက်နဲသော သဘောတရားကို သင်ကြားပေးနိုင်၍လည်းကောင်း၊ သင်ကြားနိုင် ဟောပြောနိုင်သူဖြစ်၍လည်းကောင်း၊ အကျိုးမဲ့သောလုပ်ငန်းကို မညွှန်ပြ မတိုက်တွန်းသူဖြစ်၍လည်းကောင်း၊ မြတ်ဆရာအဖြစ် အမည်ခံထိုက်ပေသည်။

ဆရာသည် စာရိတ္တပညာကိုလည်း သင်ကြားပေးရန် ဝတ္တရားရှိပေသည်။ စာရိတ္တပညာကို သိနားလည်ပါမှ ကိုယ်ကျင့်တရားကောင်းမည်၊ ကိုယ်ကျင့်တရားကောင်းမှ နိုင်ငံ့သားကောင်း၊ သမီးကောင်း ဖြစ်လာမည်။ နိုင်ငံ့သားကောင်း၊ သမီးကောင်းဖြစ်မှ အမျိုးဘာသာ သာသနာချစ်မြတ်နိုးသူ၊ စောင့်ထိန်းသူများဖြစ်လာပြီး နိုင်ငံအကျိုးကို ဦးလည်မသုန် သယ်ပိုးထမ်းရွက်ကြလိမ့်မည်ဖြစ်သည်။ ဆရာ့ဝတ္တရား ကြီးမားပေစွ။ ဆရာ့တာဝန်နှင့် ဝတ္တရားကျေပွန်ပါမှ အရိပ်ခိုသူ တပည့်များကို အနန္တကျေးဇူးပြုရာရောက်ပြီး အနန္တကျေးဇူးရှင်များ ဖြစ်လာကြလိမ့်မည်။

ဆရာဟူသည် "ထကြွနိုးကြား၊ သနားသည်းခံ၊ ဝေဖန်ထောက်ရှု၍ခြောက်ခုကြီးသူဂုဏ်အင်္ဂါ" ဟုဆိုသည့် နာယကဂုဏ်ခြောက်ပါးနှင့် ပြည့်စုံကုံလုံရန်လည်း လိုအပ်ပေသည်။ "သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပ" ဟူသော သူတော်ကောင်းတရား ခုနစ်ပါးနှင့် ပြည့်စုံသူဖြစ်ပြီး ခင်ပွန်းကြီး ဆယ်ပါးမှာလည်း တစ်ပါးအပါအဝင် ဖြစ်သည်။ ဆရာသည် စေတနာ၊ ဝါသနာ၊ အနစ်နာဆိုသည့် နာသုံးနာကို ရင်မှာပိုက်ပြီး မိမိ၏အကျိုးထက် သားတပည့်တို့၏အကျိုးကို ဦးစားပေးသူသည် ဆရာဖြစ်ပေသည်။ အနစ်နာခံသူမှာ ဆရာဖြစ်သည်။ ဆရာသည် တပည့်တို့အပေါ် ဗြဟ္မဝိဟာရတရားလေးပါးဖြစ်သော "မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ" တရားတို့နှင့်အညီကျင့်ကြံ၍ ဗြဟ္မာမည်သော ပုဂ္ဂိုလ်ပင်ဖြစ်သည်။ မြန်မာ့လူ့အဖွဲ့အစည်းသည် ပညာကိုအလေးပြုသော အဖွဲ့အစည်းဖြစ်၍ ပညာကို အရင်းတည်သော ဆရာနှင့် ပတ်သက်လာလျှင်လည်း အထူးဂရုဓမ္မပြုသော အဖွဲ့အစည်းဖြစ်သည်။ မြန်မာမှုနယ်ပယ်သည် ဆရာ့အား အထွတ်အမြတ်ပြုသည်နှင့်အညီ ဆရာ့အရည်အချင်းကို သတ်မှတ်ရာတွင်လည်း မြင့်မားလှသည်။ ဆရာသည် အကျင့်သီလနှင့် ပြည့်စုံပြီး ချစ်ခင်မြတ်နိုးဖွယ် ရှိသူဖြစ်သည်။ ဆရာသည် သမာဓိနှင့် ပြည့်စုံပြီး ရှိသေသမှု ပြုအပ်သူဖြစ်သည်။ ဆရာသည် ပညာနှင့်ပြည့်စုံပြီး ချီးမွမ်းဖွယ်ရာ ပုဂ္ဂိုလ်လည်းဖြစ်သည်။ ဆရာသည် အရိပ်ခိုသူ တပည့်များ မသင့်မလျော် ပြောဆိုပြုမူ ဆက်ဆံမှုပြုသည်ကို တွေ့မြင်ရပါက လျစ်လျူရှုမနေဘဲ ဆိုဆုံးမတတ်သူဖြစ်သည်။

ရင်နှင့်မခြား သားသမီးရင်းကဲ့သို့ စောင့်ရှောက်နိုင်သော ဆရာသည် သင်ကြားမှု၊ သင်ယူမှု ထိရောက်အောင်မြင်နိုင်ရန် ခေတ်နှင့်အညီ တိုးတက်နေသော သင်ကြားမှုများကို သိရှိနားလည်တတ်မြောက်ထားရန် လိုအပ်ပေသည်။ ဆယ်စုနှစ်တိုင်းတွင် ပြောင်းလဲတိုးတက်နေသော ကမ္ဘာ့ရေစီးကြောင်းကို မျက်ခြည်မပြတ်လေ့လာပြီး လက်ရှိပညာရေးစနစ်တွင် အကောင်အထည်ဖော်နေသော (C.C.A) (Child Centre Approach) သင်ပြနည်းများဖြင့်လည်းကောင်း၊ (S.C.C.A) (Strengthening Child Centre Approach) သင်ပြနည်းများကို မိဘပြည်သူကြား ပျံ့နှံ့သွားအောင် ကိုယ်တိုင်ကျင့်တစ်ဆင့်ပွား ဆောင်ရွက်ပေးရန်လိုသည်။ ပညာသည် တစ်ဦးချင်း၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ ရသ၊ သက်မွေးကဏ္ဍမျိုးစုံကို ဖွံ့ဖြိုးစေသည်။ လူတိုင်းလူတိုင်း မိမိ၏ပြဿနာကို ဖြေရှင်းတတ်ရန်၊ ကိုယ်ပိုင်ဆုံးဖြတ်ချက် ချတတ်ရန်၊ မိမိတာဝန်ကိုမိမိ ကောင်းစွာထမ်းဆောင်တတ်ရန် ပညာက ပျိုးထောင်ပေးထားသဖြင့် ထိုပညာကို သင်ကြားပေးသည့် ဆရာများအနေဖြင့် ကြီးစွာဂရုစိုက်ရမည့် တာဝန်တစ်ရပ်ဖြစ်သည်။

ဆရာများသည် မိမိအရိပ်ခိုသူ တပည့်များ၏ စိတ်နေသဘောထား ကျွမ်းကျင်မှုနှင့် သိမှုနယ်ပယ်အားလုံးကို ခံစားသိရှိနိုင်ရန်၊ စိတ်ပညာကို ကျွမ်းကျင်တတ်မြောက်ထားရန် လိုသူများဖြစ်သည်။

"ဘယ်လှေကို ဘယ်တက်ဖြင့်လှော်မည်။ ဘယ်အတက်ခရီးကို ဘယ်လိုတက်မည်" လမ်းညွှန်တတ်ဖို့သည် ဆရာ၏ အရေးကြီးသောအချက်ပင်ဖြစ်သည်။ ဆရာသည် သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများနှင့်အညီ ဟန်ချက်ညီဖွံ့ဖြိုးအောင်၊ ပညာရေးနယ်ပယ်နှံ့စပ်အောင် သင်ကြားလေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်သည်။ အရိပ်ပေးသူဆရာများအနေဖြင့် ဘဝတွက်တာ ကျွမ်းကျင်စရာဘာသာရပ် (Life Skill)တွင် တတ်မြောက်အောင် သင်ကြားပေးရန်လည်း ဆရာ၏တာဝန်ပင်ဖြစ်သည်။ ဆရာသည် ကျောင်းသားကျောင်းသူများအား ဘဝတစ်သက်တာအတွက် လိုအပ်သည့် အခြေခံကျွမ်းကျင်မှု လေ့ကျင့်ကောင်းများရရှိပြီး ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေနေထိုင်တတ်စေရန်အတွက် ပျော်ရွှင်ကျန်းမာကိုယ်ခန္ဓာ၊ ရောဂါကင်းဝေးကျန်းမာရေး၊ လူမှုဘဝမှာ ကျွမ်းကျင်စရာ စိတ်ကျန်းမာရေးလေ့ကျင့်ပေး၊ ထိန်းသိမ်းအစဉ် တို့ဝန်းကျင် (သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု)ပညာရပ်များကို ဦးဆောင်လမ်းညွှန် ပို့ချပေးရမည်ဖြစ်သည်။ စိတ်နေသဘောထား ခံစားမှုနယ်ပယ်၊ နှလုံးရည်၊ စာရိတ္တ၊ စိတ်ဓာတ်၊ ကိုယ်ကျင့်သီလတန်ဖိုးများကို လေးစားလိုက်နာခြင်း၊ ကိုယ်ကျင့်သီလတန်ဖိုးများ (Moral Values)များကို လက်ခံနိုင်စေရန် လမ်းညွှန်ပေးရမည်ဖြစ်သည်။

ယနေ့ နိုင်ငံတော်က ရည်မှန်းထားသော အနာဂတ်မြန်မာ့လူ့ဘောင်ကို တည်ထောင်ကြမည့် အရည်အသွေးပြည့်ဝနေမည့် လူ့စွမ်းအားအရင်းအမြစ်များကို ပညာရေးကဏ္ဍမှ ပြုစုပျိုးထောင် မွေးထုတ်ပေးလျက်ရှိရာ ဆရာ့လုပ်ငန်းမှာ တပည့်များအား စာသင်ပေးရုံဖြင့်မလုံလောက်တော့ပေ။ အနာဂတ်လုပ်ငန်းရှင်များ ဖြစ်လာကြမည့် ယနေ့ကျောင်းသားကျောင်းသူ လူငယ်များ စာပေရသ၊ သက်မွေးပညာရပ်များ၊ ကျွမ်းကျင်တတ်မြောက်စေရေးနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ယှဉ်တွဲဖော်ဆောင်ပေးမည့် ဘက်စုံပညာထူးချွန်ထက်မြက်ရေးအတွက် ဆရာများက အလေးထားဆောင်ရွက်ရန် တာဝန်ပိုမိုရှိလာသည်။

ဤအရွယ်တွင် ဒေါသဖြစ်ခြင်း၊ကြောက်ရွံ့ဝမ်းနည်းခြင်းစသည့် လှုပ်ရှားမှုများ ပြင်းထန်လွန်းလျှင်ဖြစ်စေ၊ ထပ်တလဲလဲဖြစ်ပေါ်နေလျှင်ဖြစ်စေ လူငယ်များ၏ ကျန်းမာရေး၊ ပညာရေး၊ ပေါင်းသင်းဆက်ဆံရေးနှင့် ကိုယ်ကျင့်တရားတို့ကို ဆုတ်ယုတ်စေတတ်သည်ကို ဆရာများအနေဖြင့် သတိချပ်ဖို့လိုသည်။ သို့ဖြစ်၍ နေ့စဉ် လူငယ်များနှင့်ထိတွေ့နေကြရသော ဆရာများသာမက မိဘအုပ်ထိန်းသူများကပါ ကျောင်းသားလူငယ်များ၏ ပြဿနာများကို လျစ်လျူရှုမထားဘဲ ဘက်စုံပညာထူးချွန်ရေးကို ရှေးရှုလျက် သင့်တော်သော လမ်းညွှန်မှုပေးကာ ကူညီတိုက်တွန်းကြရပေမည်။ နိုင်ငံအကြီးအကဲများကလည်း ပညာရေးအဆင့်အတန်း မြင့်မားရေးအတွက် ဆရာ၊ဆရာမများ၏ သင်ကြားမှုအရည်အသွေး ပြည့်ဝရေး (To Ensure Teacher Quality) သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ဆောင်ရွက်ရေး (To Upgrade Syllabuses and Curricula to International Level)၊ သင်ကြား သင်ယူမှုအထောက်အကူပစ္စည်းများကို ထိရောက်စွာ အသုံးပြုသင်ကြားရေး (To Use Teaching Aids Effectively)၊ ဥပဒေစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များကို လေးစားလိုက်နာရေး (To Respect and Abide by Laws, Regulations and Disciplines)၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာရေး (To Nurture and Strengthen Patriotism and Union Spirit) စသည်ဖြင့် လမ်းညွှန်ထားပေသည်။

ဆရာသမားများ၏ အရိပ်သည်ကား တပည့်တည်းဟူသော မျိုးစေ့အပင်တို့ကို အစဉ်ရှင်သန်ဖွံ့ဖြိုးတိုးတက်မှုကို ပေးနိုင်စွမ်းလေသည်။ တပည့်များအနေဖြင့်လည်း ဆရာ့အရိပ်ကို တန်ဖိုးရှိစွာ ခိုလှုံတတ်ဖို့လိုသည်။ နောင်တစ်ခေတ်၏ သားကောင်းရတနာများ ဖြစ်လာကြမည့် ယနေ့ ကျောင်းသားကျောင်းသူများသည် အဘက်ဘက်မှ ပြည့်စုံသာလွန်မှသာ အနာဂတ်လူ့ဘောင်ဘဝသည်လည်း တစိုက်မတ်မတ် တိုးတက်လာမည်ဖြစ်သည်။ ယနေ့ကျောင်းသား ကျောင်းသူများအနေဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အမိနိုင်ငံတော်၏ အေးမြသောအရိပ်၊ မိဘများ၏ အေးမြသောအရိပ်အောက်တွင် တပည့်များအား အေးမြသောအရိပ်ပေးနိုင်သူ မြတ်ဆရာများအား ဤဆောင်းပါးဖြင့် ဂုဏ်ပြုအပ်ပေသည်။ ။

ဆရာသမားများ၏ အရိပ်သည်ကား တပည့်တည်းဟူသော မျိုးစေ့အပင်တို့ကို အစဉ်ရှင်သန်ဖွံ့ဖြိုးတိုးတက်မှုကို ပေးနိုင်၊ တပည့်များအနေဖြင့်လည်း ဆရာ့အရိပ်ကို တန်ဖိုးရှိစွာ ခိုလှုံတတ်ဖို့လို၊ နောင်တစ်ခေတ်၏ သားကောင်းရတနာများ ဖြစ်လာကြမည့် ယနေ့ ကျောင်းသား ကျောင်းသူများသည် အဘက်ဘက်မှ ပြည့်စုံသာလွန်မှသာ အနာဂတ်လူ့ဘောင် ဘဝသည်လည်း တစိုက်မတ်မတ် တိုးတက်လာမည်။

ကတ္တရာလမ်းသစ်

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ ကောင်းမွန်စေရေးအတွက် ပြည်သာယာရပ်ကွက် ပြည်သာယာ(၁)လမ်း ကတ္တရာလမ်းသစ် ခင်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၁၂ ရက်က အမှုဆောင်အရာရှိနှင့် အင်ဂျင်နီယာမှူးတို့ ကွင်းဆင်း စစ်ဆေးရာ လုပ်ငန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်ကြည်ကြည်စိန်က ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

မြို့ဆိုင်းဘုတ်

စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့် မကွေးတိုင်း နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ပျော်ဘွယ်လမ်းအထွက်ရှိ မြို့ဆိုင်းဘုတ် ဆောင်ရွက်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခိုင်ဇော်မိုးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

26-9 (10).pmd 1 9/25/2009, 2:19 PM

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အားကစားသတင်းအတိုအထွာ

အာကာဟိန်း စုစည်းသည်

ကမ္ဘာ့အမြန်ဆုံးအပြေးသမား အူစိန်ဘော့ ပြိုင်ပွဲများမှ ခေတ္တအနားယူ

မီတာ ၁၀၀လက်ရှိအပြေးချန်ပီယံ ကမ္ဘာ့အမြန်ဆုံးလူသားဖြစ်သည့် ဂျမေကာနိုင်ငံသား အူစိန်ဘော့က လောလောဆယ်တွင် အပြေးပြိုင်ပွဲများ ပါဝင်ဆင်နွှဲမှုကို ခေတ္တရပ်ဆိုင်းကာ အနားယူဦးမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၅ရက်က ထုတ်ဖော်ပြောကြားသည်။

လာလီဂါဖလား ကာကွယ်နိုင်မည် တိုက်စစ်မှူး မက်ဆီပြောကြား

ရေဆင်းအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ဘာစီလိုနာအသင်းသည် တန်းစီဇယားထိပ်ဆုံး၌ ရပ်တည်လျက်ရှိရာ ယခုနှစ်လာလီဂါဖလားကို ကာကွယ်နိုင်ရန် ယုံကြည်မှုအပြည့်ရှိနေကြောင်း တိုက်စစ်မှူး မက်ဆီက စက်တင်ဘာ ၂၅ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ကင်မရွန်းကွင်းလယ်ကစားသမား အမ်ဘာမီကိုအား ဝီဂန်စာချုပ်မည်

ကင်မရွန်းကွင်းလယ်ကစားသမား အမ်ဘာမီကိုသည် လာမည့်ဘောလုံးသမားအပြောင်းအရွှေ့ကာလတွင် စာချုပ်ရန်ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း ဝီဂန်အသင်းမန်နေဂျာ ရောဘတ်တိုမာတီနက်ဇ်က စက်တင်ဘာ ၂၅ရက်တွင် ပြောကြားသည်။

နောက်တန်းလူ ဖာဒီနန် ဒဏ်ရာရရှိနေမှု အသင်းအတွက်ထိခိုက်ဟု ဖာဂူဆန်ပြောကြား

မန်ယူဗဟိုခံစစ်မှူး ဖာဒီနန်၏ ဒဏ်ရာမသက်သာသဖြင့် လာမည့်ပွဲစဉ်များ၌ ပါဝင်ကစားနိုင်ဖွယ်မရှိသေးရာ မန်ယူနောက်တန်းအတွက် ထိခိုက်မှုဖြစ်ရကြောင်း နည်းပြ ဖာဂူဆန်က စက်တင်ဘာ ၂၅ရက်တွင် ထုတ်ဖော်ပြောကြားသည်။

လီဗာပူးအသင်း ဘောလုံးသမားဝယ်ယူရန် ဘဏ္ဍာငွေ အခက်အခဲကြုံနေရ

လီဗာပူးအသင်းအနေဖြင့် ပြီးခဲ့သည့်နွေရာသီ ဘောလုံးသမားအပြောင်းအရွှေ့ကာလ၌ ထိပ်တန်းဘောလုံးသမားအချို့ကို မဝယ်ယူနိုင်ခဲ့ခြင်းမှာ အသင်း၏ဘဏ္ဍာငွေ အခက်အခဲကြောင့်ဖြစ်ကြောင်း နည်းပြဘင်နီတက်ဇ်က စက်တင်ဘာ ၂၅ရက်တွင် ပြောကြားသည်။

အာရှတင်းနစ်ပြိုင်ပွဲများ ဒဏ်ရာကြောင့် ဖက်ဒဲယားပါဝင်နိုင်မည်မဟုတ်

ဆွစ်ဇာလန်နိုင်ငံသား ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယားက ကျောဒဏ်ရာရထားသဖြင့် လာမည့်လတွင် ကျင်းပမည့် ဂျပန်အိုးပင်းနှင့် ရှန်ဟိုင်းမာစတာဖလား တင်းနစ်ပြိုင်ပွဲများ ပါဝင်ကစားမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

နည်းပြကာပယ်လို ပြောကြားချက် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် ငြင်းပယ်

အင်္ဂလန်ဘောလုံးအသင်း နည်းပြဖြစ်လာသည့် ကာပယ်လိုက ၂၀၁၀ပြည့်နှစ် အထိသာ တာဝန်ယူဆောင်ရွက်ရန် ပြောကြားချက်ကို အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က စက်တင်ဘာ ၂၅ရက်၌ ငြင်းပယ်လိုက်သည်။

ကစားသမားအသစ်များဝယ်ယူရန် ပို့စ်မောက် အစီအစဉ်မရှိဟုဆို

ပို့စ်မောက်အသင်းအနေဖြင့် လာမည့်ဇန်နဝါရီလ ဘောလုံးသမားအပြောင်းအရွှေ့ကာလ၌ ဘောလုံးသမားအသစ်ဝယ်ယူရေးကို စဉ်းစားသွားမည်ဖြစ်ကြောင်း၊ လက်ရှိကစားသမားများဖြင့်သာ ယှဉ်ပြိုင်ရန် လိုလားကြောင်း ပို့စ်မောက်အသင်းပိုင်ရှင် စူယေမန်အယ်ဖာဟင်းက စက်တင်ဘာ ၂၅ရက်တွင် ပြောကြားသည်။

(အင်တာနက်)

ပရီမီယာလိဂ် သုံးနှစ်ဆက်ချန်ပီယံမန်ယူနဲ့ ဖာဂူဆန်

မောင်မောင်မြင့်ဆွေ သုံးသပ်ရေးသားသည် ❖ စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

မန်ယူနည်းပြ ဖာဂူဆန်

လန်ဒန် စက်တင်ဘာ ၂၅

ဒီနှစ်ဘောလုံးရာသီအတွက် ပရီမီယာလိဂ်မှာ ဘယ်အသင်း ဖလားဆွတ်ခူးသွားမလဲဆိုတာ မှန်းဆလို့မရသေးတဲ့အချိန်မှာ မိမိတို့မန်ယူအသင်းဟာ မနှစ်ကထက် ခက်ခဲတဲ့ဖြတ်သန်းမှုမျိုးနဲ့ ကြုံတွေ့ရမှာဖြစ်ပြီး သေချာပေါက် ဖလားကာကွယ်နိုင်မယ်ဆိုတာ ပြောကြားဖို့ခက်ခဲပါတယ်လို့ မန်ယူနည်းပြကြီး ဖာဂူဆန်က ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

အားနည်း

မန်ယူအသင်းဟာ ပြီးခဲ့တဲ့နွေရာသီ ဘောလုံးသမား အပြောင်းအရွှေ့ကာလမှာ အဓိက ကစားသမားတွေဖြစ်တဲ့ စီရိုနယ်ဒိုနဲ့ တီဗက်စ်တို့လိုကစားသမားတွေ ထွက်ခွာသွားတဲ့နေရာကို အစားထိုးဖြည့်ဆည်းမှုမှာ အရည်အသွေးမီတဲ့ ကစားသမားမျိုးမရရှိခဲ့ဘူးလို့ဆိုပါတယ်။ မန်ယူတိုက်စစ်စွမ်းရည်ဟာ မနှစ်ကထက် အားနည်းချက်ရှိနေပြီး တစ်ဖက်အသင်း နောက်တန်းခံစစ်မှူးတွေ ရှိန်နေအောင် အဟန့် မကောင်းဘူးဖြစ်နေတယ်ဆိုတဲ့ မန်ယူနည်းစနစ်အဖွဲ့ရဲ့ သုံးသပ်ချက်ကို ဖာဂူဆန်လက်ခံခဲ့ပါတယ်။

တစ်ဦးတည်း

လက်ရှိ မန်ယူတိုက်စစ်မှာ ရွှန်နေ၊ ဘာဘာတော့ဗ်၊ အိုဝင်တို့ဟာ အနေအထား မျိုးစုံက ဂိုးသွင်းနိုင်မှုရှိကြပေမယ့် တကယ်တမ်း တွန်းတွန်းတိုက်တိုက်နဲ့ ခက်ခက်ခဲခဲ ဂိုးသွင်းရမှုအပိုင်းမှာ ရွှန်နေတစ်ဦးတည်းပဲရှိနေပါတယ်တဲ့။ အနိုင်ဆိုတဲ့ ရလဒ်ကို ရှေ့တန်းတင်လာတဲ့ ပရီမီယာလိဂ်အသင်းတွေကြောင့် ကလပ်အသင်း အသီးသီးရဲ့ တိုက်စစ်မှူးတွေရဲ့ စွမ်းရည်တွေနဲ့ အနေအထားကို ချိန်ဆကြည့်တဲ့အခါ မန်ယူတိုက်စစ်မှူးတွေရဲ့ အရည်အသွေးက ဒုတိယအဆင့်လောက်ပဲရှိနေတယ်လို့လည်း မန်ယူနည်းစနစ်အဖွဲ့ရဲ့ သုံးသပ်ချက်မှာ ဖော်ပြထားပါတယ်။

မဖြည့်ဆည်းနိုင်

နောက်ပြီး ကွင်းလယ်အပိုင်းမှာလည်း လိုအပ်ချက်တွေရှိနေသလို နောက်တန်းခံစစ်အပိုင်းမှာလည်း တောင့်တင်းတဲ့ အရန်ကစားသမားတွေပြည့်စုံမှုမရှိတာတွေကို အချိန်မီ မဖြည့်ဆည်းနိုင်တာတွေ ရှိနေပါတယ်လို့ မန်ယူနည်းစနစ်အဖွဲ့က ဆိုထားပါတယ်။ ဖာဂူဆန်ကတော့ မန်ယူအသင်းဟာ ကစားသမားတစ်ဦး၊ နှစ်ဦးထွက်သွားတာနဲ့ ပတ်သက်ပြီး စွမ်းရည်ကျဆင်းသွားမှာ မဟုတ်ပေမယ့် မနှစ်ကထက် နှစ်ဆပူပင်မှုတော့ ရှိနေပါတယ်လို့ ချင့်ချိန်ပြောကြားခဲ့ပါတယ်။

ပြောကြား

ဒီနှစ်ပရီမီယာလိဂ် ဘောလုံးရာသီမှာတော့ မိမိတို့ဟာ အဓိကပြိုင်ဘက်အဖြစ် ချယ်လ်ဆီးကို သတိထားရမှာဖြစ်ပြီး ချယ်လ်ဆီးဟာ အခုအချိန်မှာ ခြေစွမ်းအတည်ငြိမ်ဆုံးအသင်း ဖြစ်နေပါတယ်လို့ ဖာဂူဆန်က ပွင့်ပွင့်လင်းလင်းပဲ ပြောကြားနေပါတယ်။ ချယ်လ်ဆီးအသင်းရဲ့နည်းပြ အန်ဆယ်လော့တီကလည်း မိမိတို့ရဲ့ရည်မှန်းချက်ဟာ ပရီမီယာလိဂ်ဖလားရရှိရေးအတွက်ဖြစ်ပြီး မိမိအသင်းရအောင်ကြိုးစားသွားမယ်လို့ ပရီမီယာလိဂ်ပွဲစဉ်(၆)အပြီးမှာ ပြောကြားခဲ့ပါတယ်။

စဉ်းစားစရာ

ဒါပေမယ့် မန်ယူအသင်းကို လေးကြိမ်ဆက်တိုက် ဖလားရယူပေးဖို့ ဆုံးဖြတ်ထားပြီး စိတ်ဓာတ်ရေးရာ မြှင့်တင်မှုတွေရှိနေအောင် ဘောလုံးသမားတွေကို လေ့ကျင့်ကွင်းမှာ အမြဲတမ်း နွေးနွေးထွေးထွေး အားပေးစကားတွေ ပြောကြားနေတဲ့ ဖာဂူဆန်ဟာ အခုလို ရုတ်တရက် ဖလားကာကွယ်ဖို့ အခက်အခဲရှိနေပြီလို့ ဆိုလိုက်တာဟာ စဉ်းစားစရာတော့ ဖြစ်နေပါတယ်။

စောင့်ကြည့်

ဒါကြောင့်မို့လို့ မန်ယူအသင်းရဲ့ ဒီနှစ်ဘောလုံးရာသီ ဖြတ်သန်းမှု အနေအထားနဲ့ အခြေအနေတွေကို စိတ်ဝင်စားစွာ စောင့်ကြည့်ရမှာ ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

လန်ဒန်သားဒေးဗစ်ဟေး ဟဲဗီးဝိတ်ချန်ပီယံခါးပတ်လုမည်

နုရင်ဘတ် စက်တင်ဘာ ၂၅

လန်ဒန်လက်ဝှေ့သမား ဒေးဗစ်ဟေးသည် ဒဗလျူဘီအေ ဟဲဗီးဝိတ်ချန်ပီယံ နီကိုလေးဗာလုအား ဂျာမနီနိုင်ငံ နုရင်ဘတ်မြို့၌ ဟဲဗီးဝိတ်ချန်ပီယံ ခါးပတ်လုပွဲအဖြစ် နိုဝင်ဘာ ၇ရက်တွင် ထိုးသတ်ရန် စိန်ခေါ်လိုက်သည်။

အနိုင်ယူ

အသက် ၃၆နှစ်ရှိ ရုရှားလက်ဝှေ့သမားဗာလုသည် ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလက ယင်းလက်ဝှေ့ကြိုးဝိုင်းထဲမှ ဆာဂျီလီယာဘိုဗစ်အား ထိုးသတ်အနိုင်ယူပြီး ဟဲဗီးဝိတ်ချန်ပီယံ ဖြစ်လာခဲ့သည်။

မျှော်လင့်

အသက် ၂၈နှစ်ရှိ ဒေးဗစ်ဟေးသည် ၂၃ပွဲ ထိုးသတ်ရာတွင် တစ်ပွဲသာအရှုံးရှိသည်။ ၎င်းသည် ၂၀၀၃ခုနှစ်က လင်းနော့လူးဝစ်လက်ဝှေ့လောကမှ အနားယူခဲ့ပြီးနောက် ဗြိတိန်သားတစ်ဦးအနေဖြင့် ပထမဆုံး ဟဲဗီးဝိတ်ချန်ပီယံဖြစ်လာရန် မျှော်လင့်ထားသူဖြစ်သည်။ သို့သော် လက်ရှိချန်ပီယံ အကြီးအနေဖြင့် ဗာလုသည် ချန်ပီယံသရဖူကို ဆက်လက် ထိန်းထားနိုင်မည်ဟု မျှော်လင့်ရသည်။ (အင်တာနက်)

ယူအက်စ်အိုးပင်းချန်ပီယံ ကလစ္စတား ဂရင်းဆလမ်ပြိုင်ပွဲ လေးပွဲယှဉ်ပြိုင်မည်

ဘယ်လ်ဂျီယံ စက်တင်ဘာ ၂၅

ယူအက်စ်အိုးပင်း ချန်ပီယံကလစ္စတားက ၎င်းအနေဖြင့် လာမည့်နှစ်တွင် ဂရင်းဆလမ်ပြိုင်ပွဲကြီးလေးပွဲ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

ဘယ်လ်ဂျီယံတင်းနစ်မယ်သည် ယခုလအစောပိုင်းက ယူအက်စ်အိုးပင်း ချန်ပီယံဖလားကို တင်းနစ်လောကမှ နှစ်နှစ်ခွဲကြာ အနားယူခဲ့ပြီးနောက် ပထမဆုံး အကြိမ် ဂရင်းဆလမ်ဖလား ဆွတ်ခူးနိုင်ခဲ့သည်။

ယှဉ်ပြိုင်

ကလစ္စတားသည် ယခုနှစ်အတွင်း လာမည့်လတွင်ကျင်းပမည့် လူဇင်ဘတ်အိုးပင်း၌သာ ကစားနိုင်တော့မည် ဖြစ်သည်။ ၎င်းသည် ၂၀၁၀ပြည့်နှစ် ဇန်နဝါရီတွင် သြစတြေးလျ အိုးပင်းတင်းနစ် ပြိုင်ပွဲ၌ စတင်ယှဉ်ပြိုင်မည်ဟုဆိုသည်။ သူမသည် ၂၀၁၀ပြည့်နှစ်အတွင်း ပွဲစဉ်ပေါင်း ၁၆ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

တရုတ်အသင်းခေါင်းဆောင် ကျန်ဟိုင်း ဆဲလ်တစ်အသင်း၌ ကစားမည်

လန်ဒန် စက်တင်ဘာ ၂၅

တရုတ်အသင်းခေါင်းဆောင် ကျန်ဟိုင်းသည် ဆဲလ်တစ်အသင်းတွင် ကစားရန် စကော့တလန်သို့ ရောက်ရှိလာပြီဖြစ်သည်။

အသက် ၂၉နှစ်ရှိ နောက်တန်းကစားသမား ကျန်သည် အလယ်တန်းလည်း ကစားနိုင်သူဖြစ်သည်။ ၎င်းသည် ချာလ်တန်အသင်းနှင့် ဇွန်လက စာချုပ်ကုန်ဆုံးပြီးနောက် နားနေရာမှ ဆဲလ်တစ်သို့ ပြောင်းရွှေ့ခြင်းဖြစ်သည်။

ပြောင်းရွှေ့ခဲ့

ကျန်ဟိုင်းသည် မကြာမီ ဆဲလ်တစ်တွင် ပါဝင်ကစားခွင့်ရမည်ဖြစ်သော်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲများတွင် စာချုပ်မှု နောက်ကျခဲ့ခြင်းကြောင့် ပါဝင်ကစားခွင့်ရမည် မဟုတ်ဟုဆိုသည်။ ၎င်းသည် ၂၀၀၆-၂၀၀၇ဘောလုံးရာသီက ရှန်ဒေါင်းလူနန်ကလပ်မှ ချာလ်တန်သို့ ပေါင် ၁ဒသမ ၂၅သန်းဖြင့် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ဘန်လေတိုက်စစ်မှူး ပါတာဆင် သုံးလကြာ အနားယူရမည်

လန်ဒန် စက်တင်ဘာ ၂၅

ဘန်လေတိုက်စစ်မှူး မာတင်ပါတာဆင်သည် ဒူးခေါင်းဒဏ်ရာခွဲစိတ်ရမည်ဖြစ်၍ အနည်းဆုံး သုံးလခန့် အနားယူရလိမ့်မည်ဖြစ်ကြောင်း ၎င်းကလပ်က ကြေညာသည်။

သွင်းယူပေးနိုင်

အသက် ၂၂နှစ်ရှိ ပါတာဆင်သည် ကားလင်းဖလားပြိုင်ပွဲအဖြစ် ဘန်စလေအသင်းနှင့် ကစားရာတွင် ယင်းဒဏ်ရာရ၍ ကွင်းအတွင်းမှ ထမ်းစင်ဖြင့် ထွက်သွားခဲ့ရသည်။ ၎င်းသည် ဘန်လေအသင်း၏ ဂိုးအများဆုံး သွင်းနိုင်သည့် ထိပ်တန်းတိုက်စစ်မှူးဖြစ်ပြီး ယခင်နှစ်က ဘန်လေအသင်းအတွက် ၁၉ဂိုး သွင်းယူပေးနိုင်ခဲ့သည်။



သုံးလကြာ

ဘန်လေအသင်း၏ အဓိက အားထားရသော ကွင်းလယ်ကစားသမား ခရစ်မက်ကိန်းသည်လည်း ဆန်းဒါးလန်းနှင့် ကစားခဲ့သောပွဲတွင် ဒူးခေါင်းအမာရွတ် ထိခိုက်ဒဏ်ရာရသဖြင့် သုံးလကြာ အနားယူရမည်ဟု ဆိုသည်။

(အင်တာနက်)

မြင့်မောင်စိုး စုစည်းသည်

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် စက်ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါစက်ပစ္စည်းများကို ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1	CTP(Computer to Plate)Machine	2 Nos

၂။ တင်ဒါပေးသွင်းမှုကို ၈-၁၀-၂၀၀၉ရက် ညနေ ၁၆း၃၀နာရီတွင် ပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်း
အမှတ် ၂၈၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၃၆၀၂၉၊ ၅၃၄၅၇၄





ကားရောင်းမည်

Canter(၂)တန်၊ (CNG)၊
လိုင်းကား၊ ၆က/---၊
ရောင်းဈေး-ကျပ် သိန်း၁၁၀၊
ဖုန်း-၂၉၃၂၅၁။

ရောင်းမည်

အလုံမြို့နယ်၊ ဦးလူကလေးလမ်း၊ ၂၅ပေ×ပေ၅၀၊ မြေကွက်ရောင်းမည်၊
မီတာပါဝါ၊ ရိုးရိုး၊ ကျပ်၃၉၅သိန်း၊
ညှိနှိုင်းဈေး၊ ဖုန်း-၀၉-၅၀-၁၄၉၉၂။

● နေရာကောင်းကောင်း တိုက်ခန်းကျယ်ကျယ် ●

ရန်ကုန်မြို့၊ ဝေဇယန္တာလမ်းမကြီးတိုက်(၂)(လေးထောင့်ကန်လမ်းမနှင့်ဆုံသည့် မီးပွိုင့်အနီး ဒုတိယထောင့်ကွက်) ခုနစ်ထပ်တိုက်မှ သီးသန့်ချန်ထားသည့် စတုတ္ထထပ်ရှိ အကျယ် ၄၄ပေ×အလျား၇၇ပေ (စတုရန်းပေ ၃၃၉၀ခန့်)နှစ်ခန်းတွဲအခန်းကျယ်အသစ်ကို အမြန်ရောင်းမည်။ အရှေ့ဘက်လှည့်ဖြစ်၍ သီးသန့်ထရန်စဖော်မာရှိသည်။ ကိုယ်ပိုင် မီတာနှင့်ရေမော်တာနှစ်လုံးစီပါဝင်၍ Hall Type ဖြစ်ကာ ရေချိုးခန်း၊ အိမ်သာကြွေပြားကပ်ပြီးဖြစ်သည်။ ဘေးပြတင်းပေါက်များပါဝင်၍ နောက်ဘက်တွင်လည်း အခြားတိုက်မရှိသဖြင့် အလင်းရောင်နှင့် လေကောင်းလေသန့်လုံလောက်စွာရသည်။ လုပ်ငန်းလုပ်ရန်နှင့် ရုံးခန်းကြီးကြီးဖွင့်ရန် သင့်လျော်သည်။ စိတ်ကြိုက်အခန်းဖွဲ့၍ မိသားစုများနေနိုင်သည်။

ဆိုဈေး ကျပ်သိန်း-၄၇၀

ဆက်သွယ်ရန်-ဖုန်း-၃၇၄၄၀၀၊ ၅၄၃၃၁၁၊ ၀၉-၅၀-၅၀၂၅၄၊ ၀၉-၅၅-၀၄၄၂၆။

အမည်ပြောင်း

အထက(၂) ကမာရွတ်၊ တက္ကသိုလ်ဝင်တန်း(E)မှ (ဘ) ဦးတင်မောင်လွင်၏သမီး မခင်ငြိမ်းချမ်းလွင်အား မခင်ငြိမ်းချမ်းဟု ပြောင်းလဲခေါ်ပါရန်။ **မခင်ငြိမ်းချမ်း။**

ဖခင်အမည်မှန်

ရန်ကုန်မြို့၊ အထက(၂) အင်းစိန် တက္ကသိုလ်ဝင်တန်း (C)မှ မောင်မျိုးသံစဉ်နှင့် သတ္တမတန်း(A)မှ မည္သန်းဝင့်သံစဉ်တို့၏ ဖခင်အမည်မှန်မှာ ဦးလှငွေ ဖြစ်ပါကြောင်း။

လူထု

သံပန်း၊ သံတံခါး၊
လိပ်တံခါး၊ စတီးလုပ်ငန်း
အမှတ်၁၄၊ ၁၆၇လမ်း၊ တာမွေ၊
ဖုန်း-၅၄၁၇၂၂၊ ၀၉-၅၀-၃၁၁၀၇။

ဦးကျော်မြင့်

GCE
SAT, I, II
၂၅၊ ဗိုလ်ချုပ်လမ်း၊
ကျောက်တံတား
ဖုန်း-၃၈၆၆၃၉၊ ၀၉-၅၁-၁၇၈၉၆။

အမြန်ပြန်လာပါ

ဦးထွန်းရွှေ ၁၂/ဒဂန (နိုင်) ၀၀၈၆၄၇ မိသားစု အရေးကြီးကိစ္စရှိသဖြင့် ခုနစ်ရက်အတွင်း အမြန်ပြန်လာပါ။

သားကြီး(သမိုင်း)။

အမည်ပြောင်း

အဖ ဦးထွန်းစောဧ်သား ပန်းတောင်းမြို့နယ် အလက(ခွဲ)ပထမတန်းမှ မောင်နိုင်ခန့်ကျော်အား ယနေ့မှစ၍ မောင်ညီညီစောဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ညီညီစော။**

လူပျောက်ကြော်ငြာ

ဦးထွန်းရွှေ ၁၂/ဒဂန(နိုင်)၀၀၈၆၄၇၊ အသားညို၊ အရပ် ၅'၇" ရှိသူအား တွေ့ရှိပါက အောက်ပါလိပ်စာအတိုင်း ဆက်သွယ်သတင်းပေးပါရန်၊ ကျေးဇူးဆပ်ပါမည်။

သားကြီး (သမိုင်း)

၂၇၁၊ ဗိုလ်ချုပ်လမ်း(၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကျော်နိုင်ဦး ၁၂/ဥကတ(နိုင်)၀၂၀၃၇၄၏ နိုင်ငံကူးလက်မှတ် အမှတ်-၅၄၃၉၁၂သည် ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၅၁-၅၇၅၀၆။**

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ သက်ကြီးပူဇော်ပွဲ

ရန်ကုန် စက်တင်ဘာ ၂၅

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းက အသက်(၆၀)နှင့်အထက် အလုပ်အမှုဆောင်များနှင့်အသင်းဝင်များအား သက်ကြီးပူဇော်ပွဲကို အောက်တိုဘာ ၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း အမှတ် ၂၈၈/၂၉၀ ရှိ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းရုံးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။**(သတင်းစဉ်)**

ပျောက်ဆုံးကြောင်း

စိုးမင်းအောင် C.D.C.No 60364 ကိုင်ဆောင်သူ၏ 4 ticket လက်မှတ် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း-၀၁-၅၆၄၉၂၇။**



NOTICE FOR PREQUALIFICATION JAPAN INTERNATIONAL COOPERATION AGENCY MYANMAR OFFICE INVITATION TO PREQUALIFICATION FOR TENDER OF THE PILOT PROJECT OF RESTORATION WORKS OF THE BOTAHTAUNG JETTY UNDER THE URGENT PROJECT FOR REHABILITATION OF YANGON PORT AND MAIN INLAND WATER TRANSPORT IN THE UNION OF MYANMAR

Japan International Cooperation Agency Myanmar Office announces the prequalification for tender of the pilot project of Restoration Works of Botahtaung Jetty under the above mentioned Urgent Project. The project consists of the following components:

The Restoration Works for the Botahtaung Jetty including, but not limited to:

- construction of mooring pier and access bridge including RC pile foundation, RC beams and slab concrete,
- installation and fixing of pontoons, sponson and steel truss bridge(to be provided by MPA) at the required position,
- construction of anchoring columns of bore piles for mooring pontoons and sponson, and
- installation of pier accessories such as mooring bollards, fenders, anti-corrosive aluminum anodes and other miscellaneous items.

The applicants shall be required:

(1) To be general civil work contractor.
(2) To be in sound general information of applicant.
(3) To have done at least 5 construction works in Myanmar and Japan with the contract amount not less than 500 million kyats (or 500,000 USD)each , or have experience of construction works in Myanmar and/or Japan of which total contract amount shall be not less than 2,500 million kyats (or 2,500,000 USD) during the last 10 years, regardless of prime contracting or sub-contracting during the same period.
(4) To have done not less than 3 port construction works which includes pilling of RC piles in a water area of sea or river(including subcontracted works) with the contract amount not less than 300 million kyats (or 300, 000USD) each.
(5) To have not less than 50 civil engineers who have experience in civil work construction more than 10 years.
(6) To have enough construction equipment for the project.

Prequalification documents are available from 10:00 to 15:00 on September 28 (Mon), 29 (Tue), 30 (Wed) and 1 (Thu) 2009 at the following Consultant's office at a non-reimbursable cost of 2,000 kyats per one set of documents.

Consultant's Office:
Nippon Koei Co.,Ltd. and Overseas Coastal Area Development Institute of Japan,
NK/OCDI (JICA project team) office in Myanma Port Authority
4th Floor No.10, Pansodan Street, Kyauktada Township, Yangon
Contact: Ryoichi NISHIMURA and / or Kentaro Kimura

The complete application form should be submitted to the Consultant's office by 14:00PM on October 8 (Thu), 2009.

သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ(၂၀၀၉)စာအုပ်ထုတ်ဝေ

ရန်ကုန် စက်တင်ဘာ ၂၅

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စီစဉ်ထုတ်ဝေသော သိမှတ်ဖွယ်ရာ ဗဟုသုတ အဖြာဖြာ (၂၀၀၉)စာအုပ်ကို ထုတ်ဝေလိုက်သည်။

ထိုစာအုပ်တွင် မြန်မာနိုင်ငံ၏ သမိုင်းကြောင်းဖြစ်စဉ်များ၊ ပထဝီဆိုင်ရာ အချက်အလက်များ၊ ပြည်နယ်နှင့်တိုင်းအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်းများ၊ တပ်မတော်ဆိုင်ရာနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ နိုင်ငံတကာရေးရာ သိမှတ်ဖွယ်ရာများ၊ ဘာသာရေးနှင့် ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ NGO အဖွဲ့အစည်းများဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ အကျယ်အဝန်း၊ ထုထည်၊ အလေးချိန်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို နောက်ဆုံးအခြေအနေနှင့် ကိုက်ညီအောင် စုစည်းဖော်ပြထားသည်။

ဤစာအုပ်သည် ဗဟုသုတရှာမှီးလိုသူများ၊ ရာထူးဝင်စာမေးပွဲဖြေဆိုကြမည့်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအတွက် မသိမဖြစ်သိရမည့် အချက်များကို စုစည်းဖော်ပြထားသဖြင့် အိမ်တိုင်း လူတိုင်းက လက်ကိုင်ပြုရမည့် စာအုပ်ဖြစ်သည်။ (အပေါ်ပုံ)

ဤစာအုပ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင် စာအုပ်ဆိုင်၊ အမေ့အိမ်စာအုပ်ဆိုင်၊ မြင့်မိုရ်(၁)စာအုပ်ဆိုင်နှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်တို့တွင် တစ်အုပ်လျှင် ငွေကျပ် ၁၀၀၀ ဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မီးသတ်စခန်းများ ညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းသည် စက်တင်ဘာ၂၃ရက်တွင် ပဲခူးတိုင်း (အနောက်ပိုင်း)ရှိ မင်းလှနှင့် မိုးညိုမြို့နယ်များရှိ မီးသတ်စခန်းများ၊ မီးသတ်ယာဉ်စက်များ၏ ကြံ့ခိုင်မှု၊ တပ်ဖွဲ့ဝင်များ၏ လေ့ကျင့်ရေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ရေကင်း၊ သရက်တစ်ပင်၊ ရွာသစ်နှင့် တောင်ဇင်း ကျေးရွာတို့ရှိ အရန်မီးသတ်တပ်ဖွဲ့များအတွက် အပေါ့စားမီးသတ်စက်နှင့် တူညီဝတ်စုံများ၊ စာသင်ကျောင်းများအတွက် အလှူငွေများ၊ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများကို ပေးအပ်လှူဒါန်းကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျွေးမွေးလှူဒါန်း

စက်တင်ဘာ ၂၁ရက်က အလုံမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၅)တွင် ဦးသန်းမြင့် (အေးရိပ်မွှန် ဆောက်လုပ်ရေးကုမ္ပဏီ)-ဒေါ်ခင်သိန်းကြည် (ကျောင်းအကျိုးတော်ဆောင်) မိသားစုတို့က အာဟာရဖွံ့ဖြိုးရေး အစီအစဉ်အရ ကျောင်းသား ကျောင်းသူများအား ကျွေးမွေးလှူဒါန်းစဉ်။

(ပညာရေး)

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်အရ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ပုဇွန်မြောင်းရွာ အဝင်လမ်း ကျေးလက်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို စက်တင်ဘာ ၁၄ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်ဝင်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မိုးစပါးစိုက်တောင်သူများ စိုက်ပျိုးရေရရှိရေး စက်ရေတွင်းတူးဖော်ရန် ချေးငွေများပေးအပ်

စဥ့်ကူး စက်တင်ဘာ ၂၀

ပြင်ဦးလွင်ခရိုင် စဥ့်ကူးမြို့နယ်တွင် ၂၀၀၉-၂၀၁၀ စိုက်ပျိုးရာသီတွင် မိုးရေရရှိမှုနည်းပါးသည့် မိုးစပါးစိုက် တောင်သူများအား အချိန်မီ စိုက်ပျိုးရေရရှိရေးအတွက် တိုင်းနှင့်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးစီစဥ်ဆောင်ရွက်ပေးမှုဖြင့် စက်ရေတွင်းတူးဖော်ရန် ယာယီစိုက်ထုတ်ချေးငွေများ ပေးအပ်ပွဲကို ဩဂုတ် ၁၀ရက် မွန်းတည့် ၁၂နာရီက ရွှေပြည်ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှင်းလင်းမှာကြား

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လူက အဖွင့်အမှာစကားပြောကြားပြီး မိုးစပါးစိုက်တောင်သူများ စိုက်ပျိုးရေရရှိရေးဆောင်ရွက်မှု၊ မိုးစပါးစိုက်ဧကများ ရာသီချိန်မလွန်မီ အောင်မြင်စွာ ထွန်ယက်စိုက်ပျိုးနိုင်ရေးနှင့် သီးနှံပေါ်ပေး ယူရီးယားဓာတ်မြေဩဇာများ ဝယ်ယူသုံးစွဲနိုင်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက လေးလက်မစက်ရေတွင်းတစ်တွင်းလျှင် ငွေကျပ် ၃၀၀၀၀၀၊ နှစ်လက်မတွင်း တစ်တွင်းလျှင် ငွေကျပ် ၁၅၀၀၀၀ဖြင့် တောင်သူ ၁၃ဦးတို့အား ယာယီချေးငွေကျပ် ၂၅၅၀၀၀၀ကို ပေးအပ်ရာ တောင်သူများကိုယ်စား ကျေးရွာဥက္ကဋ္ဌ ဦးစိုးလွင်က လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

နတ်မောက်၌ ငွေချည်(၆)ဝါ စပေါင်းစိုက်ပျိုး

နတ်မောက် စက်တင်ဘာ ၂၀

နတ်မောက်မြို့နယ်၏ ငွေချည် (၆) မျိုးသန့်ချည်မျှင်ရှည်ဝါ စပေါင်းစိုက်ပျိုးပွဲကို စက်တင်ဘာ ၃ရက် နံနက် ၁၀နာရီက နတ်မောက်မြို့နယ် ကျောက်တန်းအုပ်စု ရွာသစ်ကျေးရွာ ကွင်းအမှတ် (၁၀၄၃) ကို့ပင်ကွင်း၌ကျင်းပရာ မကွေးခရိုင်ဥက္ကဋ္ဌ ဦးမင်းအေးလွင်က အမှာစကားပြောကြားပြီး ငွေချည်(၆) မျိုးသန့်ချည်မျှင်ရှည်ဝါကို နတ်မောက်မြို့နယ် ရွာသစ်ကျေးရွာ ကို့ပင်ကွင်းတွင် တောင်သူ ၁၇ဦး၏ စိုက်ပျိုးမြေ ၂၅ဧက၌ စပေါင်းစိုက်ပျိုးကြသည်။ (မြို့နယ် ပြန်/ဆက်)

ယင်းမာပင်မြို့နယ်၌ အထက်တန်းကျောင်း(ခွဲ) ဖွင့်

ယင်းမာပင် စက်တင်ဘာ ၂၂

မုံရွာခရိုင် ယင်းမာပင်မြို့နယ် စုန်းချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၆ရက် နံနက် ၉နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်၊ မြို့နယ်ပညာရေးမှူး ဦးစိုးတင့်အောင်နှင့် ကျေးရွာရပ်မိရပ်ဖ ဦးသန်းစိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

အမှာစကားပြောကြား

ထို့နောက် အခမ်းအနားကို အဆိုပါကျောင်း ဘုရင့်နောင်စာသင်ဆောင်၌ ဆက်လက်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်နှင့် မြို့နယ်ပညာရေးမှူး ဦးစိုးတင့်အောင်တို့က အမှာစကား ပြောကြားကြပြီး ကျောင်းဖွင့်ပွဲ အထိမ်းအမှတ် အောင်နိုင်ရေးအလံကို ကျောင်းအကျိုးတော်ဆောင် ဦးကျီးညိုကပေးအပ်ရာ မြို့နယ်ပညာရေးမှူးက လက်ခံယူသည်။

လှူဒါန်း

ဆက်လက်ပြီး ကျေးရွာရပ်မိရပ်ဖများ၊ ကျောင်းသားမိဘများနှင့် အလှူရှင်များက ကွန်ပျူတာရန်ပုံငွေနှင့် ကျောင်းငွေပဒေသာပင် ရန်ပုံငွေအတွက် ငွေကျပ် သုံးသိန်းငါးသောင်းကို စပေါင်းလှူဒါန်းကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရန်မျိုးအောင် - ရုံးတုံး ကျေးလက်ကျောက်ချောလမ်းခင်းရန် မြေရှင်းလင်းတိုင်းတာခြင်းကို တာဝန်ခံအင်ဂျင်နီယာ ဦးကိုကို ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးငွေးနိုင် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အင်းတော်မြို့ ကျေးရွာမူလတန်းကျောင်းများသို့ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်း

အင်းတော် စက်တင်ဘာ ၂၀

အင်းတော်မြို့နယ် မော်လူးစံပြကျေးရွာ လမ်းမတော်လမ်းနေ ဦးတင်ရွှေ-ဒေါ်ခင်ပြုံး (စိုးမျိုးညီရွှေဆိုင်) မိသားစုက ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နှင့် ခဲတံများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၃၀ရက် နံနက် ၁၀နာရီက နန့်စီးအောင် ပညာရေးအုပ်စု နယ်မြေကူးဆိပ်နှင့် ခိုးကောင် အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးသိန်းဆွေဝင်းက အမှာစကားပြောကြားပြီး အလှူရှင် ဦးတင်ရွှေက ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နှင့် ခဲတံများ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝတ်စုံ၊ ဗလာစာအုပ်နှင့် ခဲတံများကိုပေးအပ်လှူဒါန်းရာ ကျောင်းသားကျောင်းသူများကိုယ်စား ကူးဆိပ်နှင့် ခိုးကောင်အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဝင်းမောင်က လက်ခံယူကြောင်း သိရသည်။ **(ဝ၃ဝ)**

မြေယာ ရှင်း

မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြေယာရှင်းအလှဆောင်ရွက်ထားရှိမှုကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ပေါက်ခေါင်းမြို့နယ် ပြန်/ဆက်ဦးစီးဌာန စာဖတ်ဝိုင်းကျင်းပ

ပေါက်ခေါင်း စက်တင်ဘာ ၁၈

ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စာဖတ်ဝိုင်းကို ရုံးစာကြည့်တိုက်ခန်းမ၌ လစဉ်လေးကြိမ်ကျင်းပရာ ဩဂုတ် ၁၁ရက်က ဇူလိုင် ၂၃ရက်နှင့် ၂၄ရက်ထုတ် မြန်မာ့အလင်း သတင်းစာပါ လူသစ်၏ ပြည်သူ့ဆန္ဒကို ဖြေဖြေဖြေးကြီးဆန့်ကျင်နေသူများဝိုင်းဝန်းဖယ်ရှား (၁၂) ဆောင်းပါးကိုလည်းကောင်း၊ ဩဂုတ် ၁၈ရက်တွင် ဇူလိုင် ၂၆ရက်ထုတ် မြန်မာ့အလင်း သတင်းစာပါ ကိုသာယာ၏ သတိအစဉ်အသိယှဉ်၍ ဆောင်းပါးကိုလည်းကောင်း၊ ဩဂုတ် ၂၅ရက်တွင် ဇူလိုင် ၂၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဦးမျိုးမြင့် (ဥပဒေ)၏ ဥပဒေကို ချိုးဖောက်လျှင်ဖြင့် ဆောင်းပါးကိုလည်းကောင်း၊ ဩဂုတ် ၂၇ရက်တွင် ဩဂုတ် ၂၁ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ကိုတိုး၏ အကောင်းမြင်စိတ်ဖြင့် အပြုသဘောဆောင် ဆောင်းပါးတို့ကို အပိုဒ်ချင်းလိုက် ဝန်ထမ်းများက အလှည့်ကျ ဖတ်ကြားကာ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းတင့်က ခြုံငုံဆွေးနွေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သီပေါ၌ လယ်မြေများ ရေအပြည့်အဝရရှိရေး ဖာဖိတ်ဆည် ရေစီးရေလာကောင်းရန် ဆောင်ရွက်

သီပေါ စက်တင်ဘာ ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် ယခုနှစ်မိုးရာသီ၌ ဆင်းရွှေလီ အထွက်ကောင်းစပါးမျိုးများကို စီမံချက်ပြည့်မီစွာ ၂၈၀၃၇ ဧက စိုက်ပျိုးဆောင်ရွက်ခဲ့ရာ အဆိုပါ လယ်မြေများ အောင်ရေ အပြည့်အဝရရှိရေးအတွက် တောင်သူလယ်သမားများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းလျက် ဖာဖိတ်ဆည် ရေစီးရေလာကောင်းမွန်ရန် စက်တင်ဘာ ၁၅ ရက်က စပေါင်းတူးဖော် ဆောင်ရွက်ကြသည်။

လုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှူး ကော်မတီဥက္ကဋ္ဌ သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြိုးကျော်၊ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးခင်မောင်သန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး လုပ်ငန်းလိုအပ်ချက်များကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

အဆိုပါ ဖာဖိတ်ဆည်ကြီးသည် မြို့နေပြည်သူများအတွက် သောက်သုံးရေရရှိရေးတွင် အဓိကကျသည့်အပြင် ဖာဖိတ်ဆည်ရေသောက် အရှေ့တောင်ခြမ်းဒေသ လယ်မြေဧက ၈၅၀ဝနှင့် အနောက်မြောက်ခြမ်းဒေသ လယ်မြေ ၂၁၃၈ဧကတို့အတွက် ရေပေးဝေနေသည့် ဆည်ကြီးဖြစ်သဖြင့် ယခုကဲ့သို့ ပြန်လည် စပေါင်းတူးဖော်ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တွံတေးမြို့ ကျွန်းတောရပ်ကွက် (၅)လမ်းနေ ဦးအောင်သန်း(ခ)ဦးသန်းခဲ-ဒေါ်ခင်အုံးမြင့် မိသားစုက တွံတေးမြို့ မိဘဂုဏ် ဘိုးဘွားရိပ်သာ ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်း လှူဒါန်းရာ တွံဖက်အတွင်းရေးမှူး ဦးကျော်သန်း လက်ခံယူစဉ်။

(၁၀၅)

မိုးညှင်း၌ အခွန်ဆိုင်ရာ ပညာပေးဆွေးနွေး

မိုးညှင်း စက်တင်ဘာ ၁၈

အခွန်ဆိုင်ရာ ပညာပေး ဆွေးနွေးဟောပြောပွဲကို ဩဂုတ် ၂၃ ရက်က မိုးညှင်းမြို့နယ်အခွန်ဦးစီးမှူးရုံး၌ကျင်းပရာ မိုးညှင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်လှိုင်က အမှာစကားပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ် အခွန်ဦးစီးဌာနမှူး ဦးဉာဏ်မြင့်က ပြည်တွင်းအခွန်ဦးစီးဌာနမှ ကောက်ခံသည့် အခွန်ဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ မြစ်ကြီးနားခရိုင် အခွန်ဦးစီးမှူး ဦးသိန်းတန်က စားသောက်ဆိုင်လုပ်ငန်းရှင်များ သိရှိလိုက်နာရမည့် အခွန်ကောက်ခံရေးနည်းလမ်းများကိုလည်းကောင်း ဆွေးနွေးဟောပြောကြသည်။

(ခရိုင် ပြန်/ဆက်)

မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (မြို့ပြ)လမ်းဖြစ်သည့် ရတနာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးပြည်စိုးကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးစိုင်းဇော်ဇော်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း
အမှတ်(၆၈)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၆၆၆၇၂၀၊ ၀၉-၈၆-၁၁၂၈၅၊ ဖက်စ်-၀၁-၆၆၆၇၂၀
အသင်းဝင်/အသင်းသားများသိရှိရန်

အသိပေးကြေညာချက်(၅/၂၀၀၉)

၂၀၀၉ ခုနှစ် ဩဂုတ် ၅ရက်

၁။ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ဖွဲ့စည်းဆဲအသင်း)အသင်းအနေဖြင့် ၂၀၀၇ခုနှစ် ဩဂုတ် ၁ရက်မှစ၍ အသင်းဝင်/အသင်းသား အဆိုပြုလွှာများကို လက်ခံခဲ့ရာ ၂၀၀၉ခုနှစ် ဇူလိုင် ၃၁ရက်အထိ လက်ခံရရှိသော အဆိုပြုလွှာစုစုပေါင်းမှာ ၂၅၁၇ စောင် ဖြစ်ပါသည်။

၂။ ယခုအခါ မိမိတို့အသင်းအနေနှင့် တရားဝင်ဆောင်ရွက်ခွင့်ရပြီးဖြစ်၍ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းပါ သတ်မှတ်ချက်များနှင့်အညီ အလုပ်အမှုဆောင်အဖွဲ့မှ သတ်မှတ်ထားသော အသင်းဝင်ကြေးကျပ် (၁၀၀၀၀၀ိ/-)နှင့် ၂၀၀၉ခုနှစ်အတွက် နှစ်စဉ်ကြေးကျပ် (၃၀၀၀၀ိ/-)ကို အသင်းဝင်/အသင်းသားများထံမှ ကောက်ခံသွားပါမည်။

(က) ၂၀၀၇ခုနှစ် ဩဂုတ် ၁ရက်မှ ၂၀၀၉ခုနှစ် ဇူလိုင် ၃၁ရက်အထိ ကာလအတွင်း အသင်းဝင် အဆိုပြုလွှာတင်သွင်းပြီးသူများသည်-

(၁) အသင်းရုံးမှ ထုတ်ပေးထားသော အသင်းဝင်/အသင်းသား အဆိုပြုလွှာ လက်ခံရရှိကြောင်း ပြေစာပြသ၍ ငွေသားဖြင့် ပေးသွင်းလိုပါက ငွေသားဖြင့် ပေးသွင်းနိုင်ပါသည်။

(သို့မဟုတ်)

မိမိအစီအစဉ်ဖြင့် မြဝတီဘဏ်သို့ တိုက်ရိုက်ဖြစ်စေ၊ ကမ္ဘောဇဘဏ်ခွဲ၊ မြန်မာအရှေ့တိုင်းဘဏ်ခွဲများမှ တစ်ဆင့် ငွေလွှဲပို့စနစ်ဖြင့်ဖြစ်စေ၊ မြဝတီဘဏ်ရှိ ငွေစာရင်းအမှတ် ဦးမောင်မောင်+၃ C 142 T154-51E သို့ ပေးသွင်းနိုင်ပါသည်။

(၂) ငွေပေးသွင်းရမည့်ကာလမှာ ၂၀၀၉ ခုနှစ် ဩဂုတ် ၁၀ရက်မှ စက်တင်ဘာ ၃၀ရက်အထိ ဖြစ်ပါသည်။

(ခ) ၂၀၀၉ခုနှစ် ဩဂုတ် ၁ရက်မှစ၍ အသင်းဝင်/အသင်းသား အဆိုပြုလွှာ လျှောက်ထားသူများသည်-သင်းဖွဲ့မှတ်တမ်းအပိုဒ် ၁၄အရ၊ အသင်းဝင်ကြေးကျပ် (၁၀၀၀၀၀ိ/-)နှင့် ၂၀၀၉ခုနှစ်အတွက် နှစ်စဉ်ကြေးကျပ် (၃၀၀၀၀ိ/-)ကို အသင်းရုံး ငွေစာရင်းဌာနသို့ ငွေသားဖြင့် တစ်ပါတည်းပေးသွင်းပြီး လျှောက်ထားနိုင်ပါသည်။

(ဂ) ဘဏ်ငွေသွင်းချလန်ဖြင့် ငွေပေးသွင်းသူများသည် ငွေသွင်းချလန်နှင့် အသင်းရုံး ငွေစာရင်းဌာနမှ ငွေရပြေစာကို မဖြစ်မနေ လဲရပါမည်။

၃။ သတ်မှတ်ထားသော အသင်းဝင်ကြေးနှင့် နှစ်စဉ်ကြေးပေးသွင်းပြီးသူများအား အသင်းဝင်လက်မှတ်(Certificate of Membership)နှင့် အသင်းဝင်ကတ်(Member Card)များ ထုတ်ပေးရေး ဆက်လက်ဆောင်ရွက်သွားပါမည်။

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း။

မိဘအမည်မှန်

လားရှိုးမြို့ အထက(၂) တက္ကသိုလ်ဝင်တန်း(A)မှ မနန်းမိုးမိုးဌေး၏ မိဘအမည်မှန်မှာ ဦးစိုင်းဆိုင်ရွက်နှင့် ဒေါ်နန်းငင်းတို့ ဖြစ်ပါသည်။

ဦးစိုင်းဆိုင်ရွက် ၁၃/လရန(နိုင်)၀၈၉၄၀၃
ဒေါ်နန်းငင်း ၁၃/လရန(နိုင်)၀၂၉၆၁၇။

မြတ်သန္တာကထိန်

လှည်းကူးမြို့နယ် ကျွန်းကလေး မြတ်သန္တာ မဟာစည်ရိပ်သာ၌ ၁၈-၁၀-၂၀၀၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီအချိန်တွင် ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါကြောင်း အလှူရှင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

အကျိုးဆောင်အဖွဲ့
မြတ်သန္တာမဟာစည်ရိပ်သာ။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း၊ ဝါနှင့်ပိုးချည်လုပ်ငန်းဌာနအတွက် လိုအပ်သော ရုံးသုံးစက်ကိရိယာပစ္စည်းနှင့် စက်ရုံသုံးလျှပ်စစ်ပစ္စည်းများကို ပြည်တွင်းကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ချိပ်ပိတ်တင်ဒါပေးသွင်းမှုကို ဝါနှင့်ပိုးချည်လုပ်ငန်းဌာန(ရုံးချုပ်)၊ သီရိမင်္ဂလာလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း ရန်ကုန်မြို့သို့ ၅-၁၀-၂၀၀၉ ရက် ၁၆း၀၀ နာရီတွင် နောက်ဆုံးထား၍ ပေးသွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၂၃-၉-၂၀၀၉ ရက်မှစတင်၍ အောက်ဖော်ပြပါအတိုင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

ဝါနှင့်ပိုးချည်လုပ်ငန်းဌာန၊ စီမံခန့်ခွဲရေးဌာနခွဲ၊ ရန်ကုန်မြို့။
ဖုန်း-၆၆၆၀၈၁၊ ၆၆၆၀၉၀။

ကြော်ငြာစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၉ခုနှစ် တရားမအထွေထွေအမှုအမှတ်-၂၈၅

ဦးသန့်ဇင်
အမှတ် ၁၇၈၊ (၃)ရပ်ကွက်၊ — **လျှောက်ထားသူ**
၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကွယ်လွန်သူ S.D Varma (C.C.No.638/50)နှင့် ကွယ်လွန်သူ B.D Varma (C.C.No.556/51) ကျန်ရှိခဲ့သော ပစ္စည်းများကိစ္စ။

အထက်အမည်ပါ ကွယ်လွန်သူ S.D Varma နှင့် B.D Varma အမည်ပေါက်ပိုင်ဆိုင်ခဲ့သော ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်း ဗိုလ်အောင်ကျော်လမ်းနှင့် ၄၁လမ်းကြားရှိ နှစ်ထပ်တိုက်နှင့် မြေစာရင်းဌာနအခေါ် မြို့မြေတိုင်းရပ်ကွက်အမှတ် (၁၄-ဂျီ)၊ မြေကွက်အမှတ် (ပထမတန်းစား-၁) အကျယ်အဝန်း ပေ၁၀၀×၁၁၅ပေရှိ မြေပိုင်မြေနှင့် အကျိုးခံစားခွင့်များအပေါ် အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်း ရန်ကုန်မြို့ အမှတ် (၁၇၈) ၃၅လမ်း ကျောက်တံတားမြို့နယ်နေ ဦးသန့်ဇင်က လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၀၉ခုနှစ် အောက်တိုဘာ ၈ရက် (၁၃၇၁ခုနှစ် သီတင်းကျွတ်လပြည့်ကျော်၅ရက်)တွင် ကြားနာရန် ချိန်းဆိုထားပြီးဖြစ်သောကြောင့် ကွယ်လွန်သူ S.D Varma နှင့် B.D Varma ကျန်ရစ်ခဲ့သောပစ္စည်းတွင် အကျိုးစီးပွားတစ်စုံတစ်ရာ သက်ဝင်သည်အဆိုရှိသူ ခပ်သိမ်းတို့အား အမှုတွင် ၎င်းတို့လာရောက်လျှောက်ထားရန် သင့်လျော်မည်ဟု အထင်ရှိလျှင် ၂၀၀၉ခုနှစ် အောက်တိုဘာ၈ရက် (၁၃၇၁ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၅ရက်) နံနက်၁၀နာရီအချိန်တွင် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိက နေရာတကျ အမိန့်ပေးခံရသူ ကိုယ်စားလှယ်ကသော်လည်းကောင်း လာရောက်အမှုဆိုင်ရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃အရ ဆင့်ဆိုလိုက်သည်။

၎င်းကဲ့သို့ လာရောက်ခြင်းတစ်စုံတစ်ခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဦးသန့်ဇင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၀၉ခုနှစ် စက်တင်ဘာ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်လေးလေးမွန်
တွဲဖက်တိုင်းတရားသူကြီး(၁၀)
ရန်ကုန်တိုင်းတရားရုံး။



မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ထည့်သွင်းနိုင်

ရန်ကုန် စက်တင်ဘာ ၂၅

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ်၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ် လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇** တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** (မြန်မာ့အလင်း)



ဗလငါးတန်ပွဲ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ခေါင်ဂျူး ၁/မကန(နိုင်)၁၅၂၆၈၂၏ နိုင်ငံကူးလက်မှတ် A-၁၇၃၁၄၉ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကပေးပို့ပါရန်။

ဖုန်း-၀၁-၅၃၅၆၇၉။

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေးကန်သစ် ရေကန်အမှတ်(၁)အား စက်ယန္တရားများဖြင့် နုန်းများဆယ်ယူရှင်းလင်းနေမှုကို ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်

e-Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်
(တနင်္လာမှသောကြာ) နံနက် ၈ နာရီမှ ၁၀ နာရီအထိ
(စနေ၊ တနင်္ဂနွေ) နံနက် ၈ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ

၂၈-၉-၂၀၀၉ (တနင်္လာနေ့)

- ☐ Introduction to Plant Biotechnology
  - ပထမနှစ်ရုက္ခဗေဒ၊ ဒုတိယနှစ်မဟာသိပ္ပံ၊ ပထမနှစ် Biotechnology ကျောင်းသား ကျောင်းသူများ
- ☐ ဥမ္မာဒန္တီပျို့မိတ်ဆက်
  - ပထမနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ

၂၉-၉-၂၀၀၉ (အင်္ဂါနေ့)

- ☐ Myanmar Agenda 21 and Myanmar-UN Cooperation in Environmental Rehabilitation in the Dry Zone
  - ပါရဂူဘွဲ့ကြို နိုင်ငံတကာဆက်ဆံရေးပညာ ကျောင်းသား ကျောင်းသူများ
- ☐ မြန်မာ့ရတနာ ပတ္တမြားနီလာ၏ ဘူမိဗေဒ
  - ဘူမိဗေဒ ကျောင်းသား ကျောင်းသူများနှင့် ကျောက်မျက်ပညာလေ့လာလိုက်စားသူများ

၃၀-၉-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

- ☐ ရှေးဟောင်း မြန်မာမှုရင်းအရေးအသားကမ္ပည်းစာများ၏ သဘောသဘာဝ
  - မဟာဝိဇ္ဇာ ဒုတိယနှစ် အထူးပြုသင်တန်း၊ ပါရဂူဘွဲ့ကြိုသင်တန်း၊ ဘာသာစကား အထူးပြုသင်တန်းသားများ
- ☐ လီဒိုလမ်း၏ အတိတ်နှင့် အနာဂတ်မျှော်လင့်ချက်များ
  - ပါရဂူဘွဲ့ သင်တန်းများ

၁-၁၀-၂၀၀၉ (ကြာသပတေးနေ့)

- ☐ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဥပဒေနှင့် နိုင်ငံတော်၏ လက်တွေ့ဆောင်ရွက်ချက်
  - အများပြည်သူများ
- ☐ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ကုမ္ပဏီများဖွဲ့စည်းခြင်း
  - တတိယနှစ် ဥပဒေပညာအထူးပြု အဝေးသင် တက္ကသိုလ် ကျောင်းသား ကျောင်းသူများ

၂-၁၀-၂၀၀၉ (သောကြာနေ့)

- ☐ The Role of Psychology in Regional Development
  - စိတ်ပညာအထူးပြု အဝေးသင်နေ့ကျောင်းသား ကျောင်းသူများ
  - အများပြည်သူများ
- ☐ Methods of Integration
  - ပထမနှစ်သိပ္ပံ နေ့ကျောင်းသား ကျောင်းသူများ

၄-၁၀-၂၀၀၉ (တနင်္ဂနွေနေ့)

- ☐ Tenses
  - ပထမနှစ် အထူးပြု အားလုံး
- ☐ The Olympic Games
  - ပထမနှစ် အထူးပြု အားလုံး
- ☐ Science and Scientists
  - ပထမနှစ် အထူးပြု အားလုံး
- ☐ The Force of Gravity
  - ပထမနှစ် အထူးပြု အားလုံး
- ☐ Coconut
  - ပထမနှစ် အထူးပြု အားလုံး
- ☐ After Twenty Years
  - ပထမနှစ် အင်္ဂလိပ်စာ အထူးပြုကျောင်းသား ကျောင်းသူများ
- ☐ Machines (Poetry)
  - ပထမနှစ် အင်္ဂလိပ်စာ အထူးပြုကျောင်းသား ကျောင်းသူများ

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

* VOA, BBC - ရန်တိုက်ပေးနေသည်။

* RFA, DVB - သွေးထိုးနေသည်။

* ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

* နားမယောင်လေနဲ့ သတိထား။

မိုးကောင်းတံတားကို ဤသို့ လှပခံ့ညားစွာ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း (မရမ်းကုန်း)

တိုးတက်ပြောင်းလဲလာသော ကချင်ပြည်နယ် မိုးကောင်းမြို့

သတင်းခရီးသည်
မြင့်မောင်စိုး

ဓာတ်ပုံမှတ်တမ်း
မျိုးမင်းသိန်း (မရမ်းကုန်း)

စာမျက်နှာဖွဲ့စည်းမှု
မာမာစိုး (မြန်မာ့အလင်း)

မိုးကောင်း စက်တင်ဘာ ၂၅

တပ်မတော်အစိုးရလက်ထက် အမျိုးသားပြန်လည်ပေါင်းစည်းရေးကို ဆောင်ရွက်နိုင်ခဲ့မှုကြောင့် ယခုအခါ နယ်စပ်ဒေသများသည် မည်သည့်ခေတ်ကာလနှင့်မျှမတူအောင် ငြိမ်းချမ်းဖွံ့ဖြိုးတိုးတက်လာခဲ့ပေပြီ....။

တည်ငြိမ်အေးချမ်းလာ

တစ်ချိန်က ကချင်ပြည်နယ် နယ်စပ်ဒေသအစွန်အဖျားဒေသများတွင် တည်ငြိမ်အေးချမ်းမှုမရှိခြင်းကြောင့် ဖွံ့ဖြိုးမှု နောက်ကျခဲ့ကြရသည်။

စာမျက်နှာ ၉ ကော်လံ ၃ ●

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ထောပတ်သီးကို သီတင်းတစ်ပတ်လျှင် တစ်ကြိမ်စားသုံးပါက ဆီးကျိတ်ကင်ဆာဖြစ်ပွားမှုကို ကာကွယ်နိုင်ဟုဆို

ထောပတ်သီး၏ အရသာမှာချိုပြီး အနည်းငယ် ဖန်သော အရသာရှိသည်။ ပူနွေးစွတ်စိုသော ရာသီဥတုတွင် စိုက်ပျိုးဖြစ်ထွန်းသည်။ ဗြိတိသျှဆေးသိပ္ပံပညာရှင်များ၏ သုတေသနပြုချက်အရ ခန္ဓာကိုယ်အတွင်း ကိုလက်စထရော ကျဆင်းမှုကို အထောက်အကူပြုသည်ဆို၏။

ပါဝင်

ထောပတ်သီးတွင် ပိုတက်ဆီယမ်၊ သတ္တုဓာတ်နှင့် အမျှင်ဓာတ်များ အဓိက ပါဝင်သည်။ ထို့အပြင် မဂ္ဂနီဆီယမ်နှင့် အိုလီရစ်အက်စစ်တို့လည်း ပါဝင်ရာ ကိုလက်စထရောအနေအထားကို ထိန်းချုပ်ပေးနိုင်ကြောင်း သိရသည်။

ပုံမှန်

ထောပတ်သီးကို သီတင်းတစ်ပတ်လျှင် တစ်ကြိမ်ခန့်စားသုံးပေးပါက သွေးပေါင်ချိန် ပုံမှန်ဖြစ်အောင် ထိန်းချုပ်ပေးနိုင်ပြီး ဆီးကျိတ်ကင်ဆာဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ကြောင်း၊ ထောပတ်သီးတွင် ပါဝင်သော ဓာတ်ပေါင်းက ဆီးကျိတ်ကင်ဆာဗိုင်းစ်ရပ်များကို ဟန့်တားနိုင်ကြောင်း သုတေသနပြုချက်၌ ဖော်ပြထားသည်။

သို့သော် ထောပတ်သီးကို နေ့စဉ်ခုနစ်ရက်ခန့်ဆက်တိုက် စားသုံးပါကလည်း ကိုလက်စထရောမြင့်မားမှု ၁၁ ရာခိုင်နှုန်း ရှိလာနိုင်သဖြင့် သတိပြုစားသုံးသင့်ကြောင်း ၎င်းတို့က အကြံပြုထားသည်။ ။